ဗမာပြည် အလုပ်သမားပါတီ

မ-ဆ-လ ပါတီအပေါ် သဘောထား

ဝိဇ္ဇ-သခင်ချစ်မောင်

နှင့်

သတင်းစာဆရာများ အမေးအဖြေ

(တိုင်းရေးပြည်ရေး အဖြစ်စုံတင်ပြချက်များ)

အမှာစကား

ဤစာအုပ်ငယ်မှာ ဗမာပြည်အလုပ်သမားပါတီ ဗဟို ကော်မတီ၏ (၈) ကြိမ်မြောက် ညီလာခံ ကျေညာစာတမ်းကို အကြောင်းပြုပြီး သတင်းစာကွန်ဖရင့်လုပ်ခဲ့ရာမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ယခုအခြေအနေတွင် ပါတီဝင်များ၊ အခြားသော နိုင်ငံရေး အင်အားစုများနှင့် ပြည်သူတို့သည် ဗမာပြည် အလုပ်သမားပါတီ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက် ခြေလှမ်းများကို များစွာစောင့်မျှော် စိတ်ဝင်စားလျက် ရှိနေသော ကာလဖြစ်ပေသည်။ နိုင်ငံရေး အခြေအနေတရပ်လုံးမှာလည်း အီလယ်လယ်နှင့် ဖရိုဖရဲဖြစ်နေသော အခါလည်းဖြစ်ပေသည်။ ဤတွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီသစ် ပေါ်ပေါက်လာပြန်ရာ ဗမာပြည် အလုပ်သမား ပါတီက မည်သို့ သဘောထား ဆက်ဆံလေမည်နည်း ဟူ၍ သာလို့ပင် စိတ်ဝင်စား ကြပြန်လေသည်။

ဤစိတ်ဝင်စားချက်များကို ဖြေရှင်းတင်ပြလိုက်သော ကျေညာစာတမ်းနှင့် သတင်းစာရှင်းလင်းပွဲ အမေးအဖြေများသည် ပါတီဝင်များနှင့် ပြည်သူများအတွက် နိုင်ငံရေး အမြင်သစ် တရပ် ပေးအပ်ရာရောက်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ပါတီဌာနချုပ် အတွင်းရေးမှူးများအဖွဲ့က ယခုလို စာအုပ်ငယ် တခုအဖြစ် ရိုက်နှိပ်၍ ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါသည်။

ထိုစာအုပ်ငယ်ကို ဖတ်ရှုကြပြီးနောက် ပြည်သူတို့သည် ဗမာပြည် အလုပ်သမားပါတီအား ၎င်းတို့၏ ပါတီအဖြစ် အမြဲသဘောရဝန်း ရှာ ဝေဖန်နိုင်ကြပါစေသတည်း။

(ပုံ) စမ်းမြ
ရုံးအုပ်
ဌာနချုပ်အတွင်းရေးမှူးများအဖွဲ့။

ဗမာပြည် အလုပ်သမားပါတီ ဌာနချုပ်
ရန်ကုန်မြို့။

အကြောင်းအရာ။ ။(ဂ) ကြိမ်မြောက် ဗဟို ကော်မတီ ညီလာခံ၏ သဘောထား ဆုံးဖြတ်ချက်များကို တိုင်းပြည်သို့ပေါင်ပြ ကြေညာချက်

နေ့စွဲ၊ ၉-ဂ-၆၂

၁။ ဗမာပြည် အလုပ်သမား ပါတီ၏ (ဂ) ကြိမ်မြောက် ဗဟိုကော်မတီ ညီလာခံကို ၁၉၆၂-ခု ဇူလိုင်လ ၂၂-ရက်နေ့မှ ဩဂုတ်လ ၅-ရက်နေ့အထိ အောက်ပါအစီအစဉ်များအရ ဆွေးနွေးကျင်းပခဲ့ပါသည်။

က။ ဗဟို ကော်မတီဝင်များကို ပြန်လည် စစ်ဆေး အတည်ပြုခြင်းနှင့် လစ်လပ်သောဗဟိုကော်မတီဝင်များ နေရာတွင် အရံဗဟိုကော်မတီဝင်များကို ရွေးချယ်မြှင့်တင်ပေးခြင်း။

ခ။ ဒုတိယအကြိမ်မြောက် ပါတီအမျိုးသား ကွန်ဂရက်ကြီး ကျင်းပရေးအတွက် နေရာနှင့်ရက်ကိုသတ်မှတ်ခြင်း။

ဂ။ ကွန်ဂရက်ပြင်ဆင်ရေးလုပ်ငန်းများ။

ဃ။ ပြည်သူ့ရဲဘော်ပါတီနှင့် တပါတီတည်းအဖြစ်ပေါင်းစည်းရေးနောက်ဆုံးအဆင့်လုပ်ငန်းများ။

င။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီအပေါ် သဘောထား သတ်မှတ်ရေး။

စ။ ကွန်ဂရက်ကြီးသို့ တင်သွင်းမည့် နိုင်ငံရေး၊ စည်းရုံးရေး၊ အစီရင်ခံစာ မူကြမ်းများနှင့် ဆုံးဖြတ်ချက် မူကြမ်းကို စဉ်းစား အတည်ပြုခြင်း။

ဆ။ ဗဟို အဖွဲ့အစည်းများအား ပြန်လည် စစ်ဆေးခြင်းနှင့် အားဖြည့်ခြင်း။

၂။ အမှတ် (က) အစီအစဉ်အရ အတွင်းရေးမှူးချုပ် တင်ပြသော လက်ရှိတည်နေဆဲ ဗဟိုကော်မတီဝင်ပေါင်း (၁၇) ဦး၊ နုတ်ထွက်သွားသူ (၇) ဦး၊ ထုတ်ပယ်ခံရသူ (၁) ဦး၊ ပေါင်း-၂၅ ဦး၏ စာရင်းကို စစ်ဆေးသက်ခံ အတည်ပြုကြသည်။ ၎င်းနောက် နုတ်ထွက်သွားသူများ အပေါ် သဘောထား သတ်မှတ်ရာ၌ ထိုပုဂ္ဂိုလ်များသည် ပါတီ တွင်းတွင် ရှိစဉ်ကသည်း သင်းစု၊ အုပ်စု ဖွဲ့၍ ပါတီ၏ စည်းမျဉ်း စည်းကမ်းများကို အကြိမ်ကြိမ် ဖေါက်ဖျက်ခဲ့ခြင်း။ နုတ်ထွက်ခဲ့ဆဲဆဲတွင်လည်း ပါတီအတွင်းတွင်ပင် မတရား အသင်း အစုများ ဖွဲ့စည်း၍ အစုလိုက် အပြုံလိုက် ထွက်ကြရန် ခြောင်းမြောင်းပင် လှုံ့ဆော်စီမံကြခြင်း၊ ထွက်ပြီး နောက်တွင်လည်း ပါတီအား ပြစ်တင်ချခြင်း၊ တော်လှန်ရေးကောင်စီနှင့် ရန်တိုက်ပေးခြင်းများပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် ဂိုဏ်းခွဲရေးသမားများ ဖြစ်၍ နိုင်ငံရေးအယူအဆအားဖြင့် အလုပ်သမားလူတန်းစား၏ ရပ်တည်မှုကို စွန့်ပစ်ခြင်း၊ စည်းရုံးရေးအားဖြင့် ဒီမိုကရေစီ ဗဟိုဦးစီးနည်း ကို စွန့်ပစ်ခြင်းတို့ကြောင့်မာ့က္စ-လီနင်ဝါဒကိုလက်ခံသည်ဆိုသော်လည်း လက်တွေ့တွင်မူ ပြန်လည်ပြင်ဆင်ရေးသမားများသာ ဖြစ်ကြသည်ဟု သတ်မှတ်ပေးသည်။ ၎င်းတို့၏ မှားယွင်းသော အယူအဆရေးရာများကို ပါတီသည် ပါတီတွင်းပါတီပတွင် အခါအခွင့်သင့်တိုင်း အပြုဝေဖန်မှုများကို ပြုလုပ်ပေးရမည်ဟု သဘောထားသည်။

ပါတီ၏ ဘက်မှလည်း စည်းမျဉ်း စည်းကမ်း ထိန်းသိမ်းရေးတွင် လျော့ရဲမှုများကို ပြင်ဆင်ခြင်း၊ ပါတီတွင်းရှိ ဂိုဏ်းဂဏ လုပ်နည်းလုပ်ဟန်များကို ဖယ်ရှားပြုပြင်ခြင်း၊ ပါတီဝင်တို့အား အလုပ်သမားလူတန်းစားရပ်တည်မှု အရေးကြီးပုံကို ပညာပေးခြင်းများ ပြုလုပ်ကြရန် ဆုံးဖြတ် ကြသည်။

ထိုနောက်လစ်လပ်သော ဗဟိုကော်မတီဝင် နေရာများ အတွက်၊ အရံဗဟိုကော်မတီဝင်များဖြစ်သော ရဲဘော်ပါနှင့် ရဲဘော်တင်ထွန်းတို့အား ရွေးချယ်တိုးမြှင့်ကြသည်။

ပါတီမှ နုတ်ထွက်သွားကြသူများအနက် ခေါင်းဆောင်ပိုင်းမှ အပ အောက်ပိုင်းမှ အချို့သော ပါတီဝင်များမှာ မဟုတ်မမှန် လုပ်ကြံလှည့်ဖျားမှု၌ နုတ်ထွက်စေသူများပါရှိနေသည်ကို အခိုင်အလုံတွေ့ရှိနေရ၍ ထိုသူများက မိမိတို့၏ အမှားကို ဝန်ခံကာ နုတ်ထွက်လွှာများကို ပြန်လည်ရုပ်သိမ်းမည်ဆိုပါက ဗဟိုကော်မတီက သက်ညှာစွာ ပြန်လည်စဉ်းစား၍ လာမည့် ကွန်ဂရက်သို့ တင်ပြပေးရန် ဆုံးဖြတ်ကြသည်။

၃။ အမှတ် (ခ) အစီအစဉ်အရ ပါတီ၏ ဒုတိယ အကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက်ကြီးကို ရန်ကုန်မြို့တွင် ၁၉၆၂ ခု စက်တင်ဘာလ ၂၃-၂၄-၂၅-၂၆ ရက်နေ့များတွင် ကျင်းပရန် သဘောတူ ဆုံးဖြတ်ကြသည်။

၄။ အမှတ် (ဂ) အစီအစဉ်အရကွန်ဂရက်ပြင်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပဉ္စမအကြိမ်မြောက် ကွန်ဂရက်ကြီး၏ ပြင်ဆင်ရေးလုပ်ငန်းများကို မှီငြမ်းပြု၍ တင်ပြအပ်သော ဗဟိုစည်းရုံးရေးကော်မရှင်၏ "ကွန်ဂရက် ပြင်ဆင်ရေး စီမံကိန်း"ကို ဆွေးနွေးအတည်ပြုကြ၍ ခရိုင် မြို့နယ်ပါတီကွန်ဂရက်များ ပြင်ဆင် ကြီးကြပ်ရေးအတွက် တိုင်းကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

၅။ အမှတ် (ဃ) အစီအစဉ်အရ ဗမာပြည် အလုပ်သမားပါတီနှင့် ပြည်သူ့ရဲဘော်ပါတီတို့မှ ၂၈-၄-၆၂ နေ့စွဲတွင် ခန့်အပ်ခဲ့သော "တပါတီဖြစ်မြောက်ရေးဆယ်ဦးကော်မရှင်"၏ လုပ်ငန်း အစီရင်ခံချက်များကိုကြားနာအတည်ပြုကြသည်။ ထို့နောက်ကျင်းပအံ့သော ပါတီ၏ ဒုတိယ ကွန်ဂရက်ကြီးတွင် ပူးပေါင်းရေး အောင်ရယူပြီးလျှင်ပြီးချင်း နှစ်ပါတီ ပူးတွဲကွန်ဂရက်ကြီးတရပ်ကို ဆက်လက်ကျင်းပကာ တပါတီတည်းအဖြစ် ပူးပေါင်းဖွဲ့စည်းလိုက်ကြရန် သဘောတူကြသည်။

ဖြစ်သည့် မှောကွ အိန်ဂျယ် လီနင်တို့၏ စာပေများကိုလည်း ပါတီ တွင်းတွင် သင်ကြားပို့ချခွင့်၊ လေ့လာနှီးနှောခွင့်ပြုပါရန်၊

၃။ ပါတီသည်ဗမာပြည်၏ ကြားနေရေး ငြိမ်းချမ်းရေး ဝါဒ နှင့်အညီ ကမ္ဘာ့အလုပ်သမားပြည်သူများနှင့် သွေးစည်းညီညွတ်ရေး၊ ပြည်တွင်း ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးတွင် ဆိုရှယ်လစ် နိုင်ငံ များနှင့် စီးပွားရေးနှင့် ယဉ်ကျေးမှုတွင် တန်းတူရည်တူ ဆက်ဆံမှု တိုး ပွားရေး၊

၄။ ပါတီ၏ လက်ငင်းအတွေ့တွေ့ နိုင်ငံရေး လမ်းစဉ်အဖြစ် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်"ကိုပင်ပြဋ္ဌာန်းရေး၊

၅။ ပါတီ၏ စည်းရုံးရေးမူများကို အရေးအတွက် ပါတီမျိုး ထက် အရည်အချင်း ပါတီမျိုး အဖြစ် သိပ်သည်း ကျစ်လစ်စွာ စည်း ရုံးရေးအတွက် အရည်အသွေးကြီး ၆ ချက်ကို ထည့်သွင်းစဉ်းစားရေး၊

၆။ ပါတီတွင်း ဒီမိုကရေစီရေးနှင့် စည်းမျဉ်းစည်းကမ်းလိုက် နာရေးမှာ "ဒီမိုကရေစီ ဗဟိုဦးစီးစနစ်"ကို အခြေခံသည့် သံမဏိ စည်းမျဉ်း လိုက်နာရေးကို ပြဋ္ဌာန်းရေး၊

၇။ ထိုပါတီ၏ ခေါင်းဆောင်မှုဖြင့် လူထု လူတန်းစား အလိုက် တခုတည်းသော ညီညွတ်သော အလုပ်သမား-လယ်သမား၊ လူငယ် စသော အဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ရာတွင် အဖွဲ့အစည်း အလိုက် လုပ်ငန်းတူ သဘောတူ ပေါင်းစည်းလာသော ပညာပေး အခြေခံဖြင့် တည်ဆောက်သွားရေး။

၈။ ပါတီကိုစတင်ဖွဲ့စည်းရာတွင်လည်း တသီးပုဂ္ဂလများကို တသီးပုဂ္ဂလအလိုက် ပါဝင်ခွင့်ပြုသကဲ့သို့ သဘောတူ လက်ခံနိုင်သော နိုင်ငံရေးပါတီအဖွဲ့အစည်းများကိုလည်း ဖျက်သိမ်း၍တဦးချင်းဝင်ရ သောစနစ်မျိုးမဟုတ်ဘဲစုစည်းညီညွတ်သော အင်အားများကိုရရှိရန် အတွက် ပါတီအလိုက် စနစ်တကျ ပူးပေါင်းပါဝင်ခွင့်ပြုသော အ ခြေခံဖြင့်လက်ခံရေး၊နောက်မှမည်သူ့ကိုမဆိုလက်တွေ့အလုပ်တာဝန် နှင့် စစ်ဆေး၍ မထိုက်တန်ပါက ဖယ်ရှားပစ်ရေး။

၉။ ပါတီကိုထူထောင်ရာ၌ ပဌမအဆင့်တွင် "ဗဟိုဦးစီးမှု" ကို ကျင့်သုံး၍ ဒုတိယအဆင့်တွင် ဒီမိုကရေစီမှုကို ကျင့်သုံးရန်၊ သို့ ရာတွင် ပါတီ၏ ပဌမအကြိမ်မြောက် ကွန်ဂရက်ကြီးကို ၃ နှစ်ထက် မကြာစေဘဲ ကျင်းပရန် သတ်မှတ် ပြဋ္ဌာန်း ထားရေးတို့ ဟူ၍ ဖြစ် ပါသည်။

အထက်ပါ ပါတီထူထောင်ရေး အကြံပေးချက်များ အပေါ် တွင် ကျွန်တော်တို့နှစ်ပါတီကိုယ်စားလှယ်များနှင့် နိုင်ငံတော် တော် လှန်ရေးကောင်စီမှစည်းရုံးရေးကိုယ်စားလှယ်တို့ညှိနှိုင်းဆွေးနွေးကြပြီး နောက်ပူးပေါင်းနိုင်သောသဘောတူညီချက်များရရှိပါကသက်ဆိုင်ရာ ပါတီများ၏ကွန်ဖရင့် ကွန်ဂရက်များတွင်တင်ပြအတည်ပြုပြီး ပူးပေါင်း ပါဝင်ကြရန်သဘောထားခဲ့ကြပါသည်။ သို့သော်လည်းမြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီကို ထူထောင်လိုက်ပြီ ဖြစ်ကြောင်း ကြေငြာသည့် ၅-၇-၆၂ နေ့စွဲအထိ ကျွန်တော်တို့တွင် ညှိနှိုင်း ဆွေးနွေးခွင့်မရခဲ့ပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏စည်းမျဉ်းဥပဒေတွင်လည်း ပါတီဝင် ခွင့်တွင်ပါတီအလိုက်လက်မခံဘဲ အခန်း-၂ အပိုဒ်၁၂ အရ တဦးချင်း ကိုသာလက်ခံမည့်အကြောင်း အထင်အရှားပါရှိလာပါသည်။ ထို့ အပြင် ကြေငြာချက်တွင်လည်း နိုင်ငံရေးပါတီများသည် ဂိုဏ်းဂဏ စွဲများကိုဖယ်ရှား၍မြန်မာ့ဆိုရှယ်လစ်ပန်းတိုင်သို့ညီညွတ်စွာ [illegible]လာ အောင် အပြုသဘောကြိုးပမ်းကြဖို့ မေတ္တာရပ်ခံသည့်သဘောလည်း ပါရှိလာပါသည်။

ထို့ကြောင့် ဗမာပြည်အလုပ်သမား ပါတီသည်

က။ ယခုအခြေအနေတွင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအတွင်း သို့ ပူးပေါင်းပါဝင်ရန်ပြဿနာမပေါ်ကြောင်းဆုံးဖြတ်ကြပါသည်။

ခ။ ပါတီသည် အလုပ်သမားလူတန်းစား ပါတီတရပ် အဖြစ် ဆက်လက်ရပ်တည် နေပြီး မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို ပြည်သူ့

အခြေခံဖြင့်အကောင်အထည်ဖော်ရာ၌ "လမ်းစဉ်ပါတီ" နှင့်လိုက်လျှ ရင်းနှီးစွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဂ။ ၎င်းအတွက် ပါတီသည် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် အား ပြည်သူ့အခြေခံဖြင့် အကောင် အထည်ဖော်ရေး " လက်တွေ့ အလုပ် စီမံကိန်းတရပ်"ကို ပြည်သူတို့မှ တဆင့် မကြာမီ တိုင်းပြည် နှင့် နိုင်ငံ တော်အစိုးရသို့ တင်ပြနိုင်မည် ဖြစ်ပါသည်။

ဃ။ ဗမာပြည်အလုပ်သမားပါတီသည်၊ ဤသို့ ကုရာတာဝန်များ ကိုအလေးအနက် ပူးတွဲဆောင်ရွက်သွားရင်း အနာဂါတ်တွင် ပြည်သူ တို့၏ ရှေ့ဆောင် တခုတည်းသော လုပ်သားပါတီကြီး တရပ် ထွက် ပေါ်လာရေးအတွက် မနားမနေအခါအခွင့် ပေးထိုင်း အပြန်အလှန် အကူ အညီ ပြု၍ အတူ တကွ ရှေ့ရှု ဆောင် ရွက် သွား မည် ဖြစ်ပါ သည်။

င ။ လမ်းစဉ် ပါတီနှင့် ပူးတွဲ ဆောင် ရွက်ရာ၌ လည်း၊ တပ် ပေါင်းစုအသွင်ဖြင့်ဖြစ်စေ၊ လုပ်ငန်းတူရာတူရာ တွဲလုပ်သည့် အသွင် ဖြင့်ဖြစ်စေ၊ လုပ်ငန်းတူတခုတွင် မူဂိုလ်ရေး အခြေခံဖြင့် စုပေါင်းလုပ် သည့်နည်းဖြင့်ဖြစ်စေ၊ နှစ်ဘက်သဘောတူနည်းမျိုးစုံဖြင့်ပူးတွဲဆောင် ရွက်သွားရန်အသင့်ရှိကြောင်း ဆုံးဖြတ်လိုက်ကြသည်။

အထက်ပါသဘောထားများကိုဗဟိုကော်မတီသည်လာမည့် ပါတီကွန်ဂရက်ကြီးတွင် တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ပါသည်။

၇။ အမှတ် (၈) အစီအစဉ်အရ ဒုတိယ အကြိမ်မြောက် ပါတီ အမျိုးသားကွန်ဂရက်ကြီးတွင် တင်သွင်းမည့်နိုင်ငံရေးစည်းရုံးရေး အ စီရင်ခံစာ များတွင် အောက်ပါ အခြေခံ အချက်ကြီး များကိုမူတည်၍ ရေးသားတင်သွင်းရန် သဘောတူကြပါသည်။

၁။ နိုင်ငံရေး အစီရင်ခံစာတွင်

က။ နိုင်ငံတကာရေးရာအပိုင်းတွင်

၁။ ယနေ့ ကမ္ဘာ့ တော်လှန်ရေး လမ်းကြောင်းသည် ကမ္ဘာ့ ဆိုရှယ်လစ်လမ်းကြောင်းဖြစ်ပုံ။

၂။ အင်အားကြီးမား လာသော ကမ္ဘာ့ဆိုရှယ်လစ် စနစ်ကြီး နှင့်တကွ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေး အင်အားစုများ ပေါင်းစည်းခြင်းသည်နိုင်ငံတကာ ရေးရာတွင် အဆုံး အဖြတ်ပေးနိုင်သည့် နေရာသို့ရောက်ရှိနေပုံနှင့်ကမ္ဘာ့စစ်ကိုတားဆီး နိုင်ပုံ၊ ဆိုရှယ်လစ်စနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းနိုင်သည့် အလားအ လာရှိနေပုံ။

၃။ ကမ္ဘာ့အရင်းရှင်စနစ်၏ အထွေထွေအကြပ်အတည်းကြီး များနှင့်၎င်း၏ အတွင်း ပဋိပက္ခများပြင်းထန် လာပုံ၊ ကျဆုံး လာပုံ၊ သွေးရူးသွေးတမ်းဖြစ်ခါ စစ်ပြင်ဆင်မှုများပြုလုပ်လာပုံ။

၄။ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲ နေထိုင် ရေး မူ သည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ အထွေထွေလမ်းကြောင်းဖြစ်လာပုံ။

၅။ အထွေ ထွေ နှင့် လုံး၀ စစ်လက်နက်များ ဖျက်သိမ်းရေး ပြဿနာသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ အဓိကကျွင်းဆက်ပြဿနာဖြစ် လာပုံ၊ ဗမာပြည်မှငြိမ်းချမ်းရေး ကြားနေရေး၀ါဒမှ ၅-ချက်ကိုဆက် လက်ခိုင်မာစွာထိန်းသိမ်းရန် အရေးကြီးပုံ။

(ခ) ပြည်တွင်းရေးရာအပိုင်းတွင်

၁။ ဗမာပြည်၏ တော်လှန်ရေး လမ်းကြောင်းမှာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေး လမ်းကြောင်း၏ ပဌမအဆင့် ဖြစ်သော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလမ်းကြောင်းဖြစ်ပုံ။

၂။ ဗမာပြည်၏ လက်ငင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေအနေစစ်ဆေးချက်များအရ အမျိုးသား ဒီမိုကရေစီ ထူထောင် ရေး လုပ်ငန်းစဉ် ၁၀-ချက်ကို လက်ငင်း အကောင်အထည် ဖော်ရန် အရေးကြီးပုံ။

၃။ မဟာလ အစိုးရအပြောင်းအလဲ-လူတန်းစားလက္ခဏာနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အပေါ် သဘောထား။

၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား တမျိုးသားလုံး၏ နယ်ချဲ့ ပဒေသရာဇ် ဆန့်ကျင်ရေး လုပ်ငန်းစဉ်ကြီးတရပ်အဖြစ် လက်ခံ၍

ဆိုရှယ်လစ်စနစ်သို့ ရှေ့ရှုချီတက်ရန်လိုအပ်ပုံ။ ၎င်းအတွက် ပြည်သူ့ “ဒီမိုကရေစီအာဏာပိုင်စနစ်” ထူထောင်ရေးသည် အလွန်အရေးကြီးသော အဓိက ကွင်းဆက်ဖြစ်လာပုံ၊ ပါတီမှ ထိုလုပ်ငန်းစဉ် လက်တွေ့အကောင်အထည် ဖေါ်ရေးအတွက် လက်တွေ့ အလုပ် စီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရန်လိုအပ်ပုံ။

၅။ ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစု တရပ်၏အရေးကြီးပုံ အခက်၊ ကဏ္ဍနှင့် ပမညတအနေဖြင့် ပါဝင်ကြိုးပမ်းရမည့် လုပ်ငန်းများ။

(၈) ပါတီအပိုင်းတွင်

၁။ ဗမာပြည် အလုပ်သမား လူတန်းစား လှုပ်ရှားမှုနှင့် တပ်ဦးပါတီများ၏ သမိုင်းရေးရာအခြေအနေ။

၂။ ဝါဒရေး စင်ကြယ်စေမှုတွင် ဂိုဏ်းဂဏနှင့် တရားသေ အန္တရာယ်၊ ပြန်လည်ပြင်ဆင်ရေး အန္တရာယ်တို့ကို တိုက်ခိုက်ဖယ်ရှားရန် အရေးကြီးပုံ။

၃။ ပါတီအား အရည်အချင်း ပါတီအဖြစ်သို့သိသိသာသာ ကျစ်လစ်စွာတည်ဆောက်ရန်လိုအပ်လာပုံ။

၄။ ပြည်သူ့ရဲဘော်ပါတီနှင့် တပါတီတည်း ဖြစ်ပြီးနောက် မဆလပါတီနှင့် အပြန်အလှန်အကျိုးပြုဆက်ဆံရေးအပိုင်း။

၅။ တခုတည်းသော ပြည်သူ့ရှေ့ဆောင် လုပ်သား ပါတီကြီးတရပ် ဖြစ်ပေါ်ရေးခရီး။

(၂) စည်းရုံးရေးအစီရင်ခံစာတွင်

၁။ လက်ရှိ ပါတီ အဖွဲ့ အစည်းများနှင့် ပါတီဝင်များ၏ အခြေအနေစစ်ဆေးအစီရင်ခံချက်။

၂။ တပါတီဖြစ်မြောက်ရေးကော်မရှင်၏ နောက်ဆုံးအဆင့် လုပ်ငန်းများ တင်ပြချက် (အထွေထွေ လုပ်ငန်းစဉ်နှင့် စည်းမျဉ်း ဥပဒေသစ်)။

၃။ အနာဂတ် ပါတီ တည်ဆောက်ရေးတွင် ဒီမိုကရေစီ ဗဟိုဦးစီးစနစ်နှင့်ပါတီတွင်း ပညာပေးရေး အရေးကြီးပုံကို အလေး အနက်ပြချက်။

၄။ ဌာနချုပ်၊ ခရိုင်၊ မြို့နယ် ပါတီကော်မတီများ၏ အချိန်ပြည့် ပါတီဝင် ကာဒ်သားများအတွက် “ဘုံရိပ်သာ” တည်ဆောက်ရေး လုပ်ငန်းအရေးကြီးပုံ။

၅။ တပ်ပေါင်းစုနှင့် လူထု လူတန်းစားများ ရှေ့ဆောင်အဖွဲ့စည်းရေး အခက်-ကဏ္ဍတွင် ပါတီ၏အနေအထားနှင့် လုပ်နည်း လုပ်ဟန်များကို ဖေါ်ပြချက် ဟူ၍ဖြစ်ပါသည်။

၈။ အမှတ် (ဆ) အစီအစဉ်အရ ဗဟိုအဖွဲ့အစည်းများကို ပြန်လည် စစ်ဆေးကြပြီးနောက် ထပ်မံ အတည်ပြုကြပြီးလျှင် အလွန် အားနည်းသွားသော ပညာရေးဌာနကိုသာ (၁) ရဲဘော်သူ-အတွင်းရေးမှူး၊ (၂) ရဲဘော်ပါ၊ (၃) ရဲဘော်ချို၊ (၄) ရဲဘော်သန်း-မြည့် (၅) ရဲဘော်စိုးသိမ်း (ရန်ကုန်) တို့အား ပါဝင်ဖွဲ့စည်းလိုက်ပါသည်။

ထို့နောက် သဘာပတိက ကွန်ဂရက်ကြီးသို့ ညီညွတ်စွာ ချီတက်ကြရန် နိဂုံးချုပ်စကားပြောကြားပြီးနောက် (၈) ကြိမ်မြောက် ဗဟိုကော်မတီညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြပါသည်။

ဗဟိုကော်မတီ
ဗမာပြည်အလုပ်သမားပါတီ၊

သတင်းစာဆရာများနှင့်တွေ့ဆုံရှင်းလင်းခြင်း

၁၉၆၂-ခု၊ ဩဂုတ်လ ၉-ရက် ညနေ ၃-နာရီတွင် ဗဟိုကော်မတီဝင်အစုံအညီနှင့် သတင်းစာဆရာများတွေ့ဆုံ ညွှန်ခံပွဲတခုကို ရန်ကုန်မြို့ မီးရထားဟိုတယ်ခန်းမတွင် ကျင်းပခဲ့လေသည်။

ထိုတွေ့ဆုံညွှန်ခံပွဲတွင် အတွင်းရေးမှူးချုပ် သခင်ချစ်မောင်က သဘာပတိ၊ ထိန်းသိမ်းရေးကော်မရှင် အတွင်းရေးမှူး သခင်လှကျော်က အခန်းအနားမှူးအဖြစ် ဆောင်ရွက်လေသည်။ သဘာပတိ သခင်ချစ်မောင်က ကျေညာစာတမ်းပါ အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီးနောက်အခန်းအနားမှူးသခင်လှကျော်က ကျေညာစာတမ်းကို ဖတ်ကြားတင်ပြလေသည်။

ထို့နောက် သတင်းစာ ဆရာများအား ညွှန်ခံကျွေးမွေးရင်း သဘာပတိသခင်ချစ်မောင်က သတင်းစာဆရာများ၏မေးခွန်းများကို တခုချင်းပြေပြေလည်လည်ပြန်လည်ဖြေကြားခဲ့လေသည်။

အမေး အဖြေများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

သတင်းစာ ဆရာများနှင့် အမေး အဖြေ

မေး။ သခင် ချစ်မောင်ဟာ ကမ္ဘာမှာမကြာမီက ကျင်းပခဲ့တဲ့ ညီလာခံတခုမှာ 'ဘိနပ်ချွတ်မှာ နေရနေရ ပေါင်းလုပ်ပါမယ်လို့' တိုင်းသိ ပြည်သိကြေငြာခဲ့ဘူးတာ ရှိပါတယ်-အခုမဆလ ပါတီထဲ မဝင်နိုင်ဘူး ဆိုတော့ ဟိုတုန်းက ပြောခဲ့တဲ့စကားဟာ နိုင်ငံရေး အတွက် လွှဲပြီး မှားပြောခဲ့ မိပါလား၊ အခု ပြန်လည် ရုပ်သိမ်းပါမည်လား။ ပါတီအနေနဲ့မဝင်နိုင်ပေမဲ့သခင်ချစ်မောင်တဦးတည်းအနေနဲ့ရော ဝင်ရန် ရည်ရွယ်ပါသလား။

ဖြေ။ ဟုတ်ကဲ့မေးစရာဖြစ်ပါတယ်-မှုမှန်မှန် ညီညွတ်ရေးလုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်ရေးအတွက်သာဆိုရင် ရေအိုးစင် ဘိနပ်ချွတ်မှာဘဲ နေရ နေရ လုပ်ပါမယ်လို့ ပြောခဲ့ပါအမှန်ပါ။ ဘယ်တုန်းကပြောခဲ့ပါသလဲဆိုရင်၁၉၆၂-ခုမေလ ၂၇-၂၈-၂၉ရက် နေ့များမှာ

ကျင်းပခဲ့တဲ့ (၈) ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ တလညီလာ ကွန်ဂရက်ကြီးရဲ့သဘာပတိမိန့်ခွန်းမှာ စာနဲ့ပေနဲ့ အမှတ်တရ ရေးသား ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ အခုဒီမိန့်ခွန်း အပါအဝင် စာတမ်းများကို 'ဆိုရှယ်လစ်တော်လှန်ရေးနဲ့ တောင်သူ လယ်သမားဘဝ' ဆိုပြီးစာအုပ်ပင် ရိုက်နှိပ်ပြီးတိုင်းပြည်မှာ ဖြန့်ဝေရောင်းချနေပါပြီ- (ထိုစာအုပ်အသစ်ကို ကိုင်၍သတင်းစာဆရာများအား ပြောင်ပြသည်)''

အဲဒီစာအုပ်သစ် စာမျက်နှာ ၁-က ၂၁ အထိဟာ ကျွန်တော်ရဲ့မိန့်ခွန်းမှုရင်းဘဲဖြစ်ပါတယ်။ အဲဒီမိန့်ခွန်းစာမျက်နှာ ၂၀နဲ့ ၂၁မှာ ကွဲပြားနေတဲ့ တောင်သူလယ်သမား အဖွဲ့အစည်းတွေကို တခုတည်းသောညီညွတ်သောတောင်သူလယ်သမား အဖွဲ့အစည်းကြီးတရပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်က ''မူ၅-ချက်ပါညီညွတ်ရေး လုပ်ငန်းတရပ်ကို တင်ပြခဲ့ပါတယ်'' အဲဒီမူ-၅ ချက်အရ ညီညွတ်ရေးကို လုပ်ဆောင်တဲ့နေရာမှာ သက်ဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို အထူးလိုက်နာရှိသေမဲ့အပြင် ဗမာပြည်ရဲ့နိုင်ငံရေးရောဂါကြီး တခုဖြစ်တဲ့ ''ခေါင်းဆောင်လုပ်ရမှ'' ဆိုသည်ကိုလုံးဝပစ်ပယ်ပြီးရေအိုးစင်ဘိနပ်ချွတ်မှာပင် နေ၍ လုပ်ရပါစေ လုပ်မည် ဖြစ်ကြောင်း လူသိနတ်ကြား ကြေငြာဂတိ ပေးအပ်ပါတယ်'' လို့ကျွန်တော်အမှတ်တရပြောကြားခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီလိုပြောခဲ့ခြင်းဟာ တိုင်းပြည်ရဲ့အကျိုးစီးပွား၊တောင်သူလယ်သမား များရဲ့အကျိုး စီးပွားအတွက် မှုမှန်တဲ့ညီညွတ်ရေးကို လဲအဟုတ်တကယ်လိုလားတဲ့အတွက်စေတနာ သန့်သန့်ကြီး နဲ့ပြောခဲ့ခြင်းဖြစ်ပါတယ်။အခုအထိလဲ ဒီစေတနာအတိုင်းဘဲထားရှိပါတယ် ကျွန်တော်တို့ရဲ့ နိုင်ငံရေး ရာဇဝင် တလျှောက်မှာလဲ ရာထူး မရလို့ ခေါင်းဆောင်မလုပ်ရလို့ဆိုပြီး ဘာတခုမှ ဖေါက်လွှဲ ဖေါက်ပြန်မဖြစ်ခဲ့ဘူးပါဘူး။ သမ္မာအရှိဆုံး နောက်လိုက်အဖြစ်နဲ့ သာလုပ်လာခဲ့ပါတယ်၊ခေါင်းဆောင်တချို့က နှိပ်စက်ထုတ်လိုက်လို့သာ အခု ကျွန်တော်တို့ဒီဘဝရောက်နေရခြင်းဖြစ်ပါတယ်။

ဒါကြောင့် တကယ်ကိုယ်ကျိုး စွန့်တဲ့ညီညွတ်ရေး မူအရပြောကြားခြင်းဖြစ်တဲ့အတွက် မမှားပါ၊ နိုင်ငံရေး အတွက်အချက်လဲမရှဲပါ၊ ဒါကြောင့်လဲပြန်လည်ရုပ်သိမ်းစရာမလိုပါ၊ အဲဒီမူ(၅) ချက်အရ သာအလုပ်သမားလယ်သမားတို့ရဲ့ညီညွတ်ရေးကိုလုပ်ပါရစေ ရှုပ်ပါမယ်။

ကျွန်တော်တဦးတည်း မဆိုထ ပါတီထဲကိုသွားပြီး ဂဝ်မလားဆိုတဲ့ပြဿနာဟာလဲ မပေါ်ပါ၊ ပါတီရဲ့အဆုံးအဖြတ်နဲ့ ပါတီလိုမလုပ်တဲ့ကိုယ်တဦးတည်း ကိုယ့်အကြိုက်လုပ်ချင်ရင်တော့လဲ နိုင်ငံရေးနယ်ထဲမှာ''ပါတီကောင်'' လုပ်နေစရာ မလိုတော့ပါဘူး၊ကိုယ့်ထွက်ရုံးပြီး'အရပ်သားကောင်' လုပ်ဘို့ဘဲရှိပါလိမ့်မယ်။

မေး။ ဘီ-တီ-ယူ-စီအနေနဲ့တခုတည်းသောအလုပ်သမားအဖွဲ့ဖွဲ့စည်းရေးမှာ သက်အဆဲ တွေ့နေရတယ်လို့ သိရပါတယ်၊ပါတီကတယ်လို သဘောထားပါသလဲ၊ သခင်လူအေး၊သခင်မျိုးညွန့်တို့နဲ့ရော ဒီကိစ္စမှာ ပါတီနဲ့ ဘယ်လို ပါတ်သက် ပါသေးသလဲ။

ဖြေ။ ပါတီက လူထုလူတန်းစား အဖွဲ့အစည်းတွေကို နိုင်ငံရေးအရ၊ ရှေ့ဆောင်စည်းရုံးတဲ့အခါမှာ တိုက်ရိုက်ရှေ့ဆောင်စည်းရုံးမှုမပြုပါဘူး။ ပါတီဝင်တွေကတဆင့်သာ ရှေ့ဆောင်စည်းရုံးခြင်း ပြုပါတယ်။ သို့သော်လဲ ပါတီဝင်တွေဟာ စည်းမျဉ်းစည်းကမ်းလိုက်နာမှုမှာဖြစ်စေ၊ လုပ်ငန်းသဘောလုပ်ဆောင်ဆုံးဖြတ်တဲ့အခါမှာဖြစ်စေ၊ သက်ဆိုင်ရာလူထုလူတန်းစားအဖွဲ့အစည်းများရဲ့အဆုံးအဖြတ်ကို အလေးဦးစားပေးရိုသေလိုက်နာကြရပါတယ်။ပါတီကပါတီအကြိုက်ချည်း သက်သက် စည်းမဲ့ကမ်းမဲ့ ခါးပိုက်ဆောင် အဖွဲ့အစည်းကဲ့သို့ မလုပ်ရပါဘူး။အဲဒီလို လုပ်မိရင် သက်ဆိုင်ရာ လူထုအဖွဲ့အစည်းရဲ့ ပြည်သူ့ အချုပ်အချာ အာဏာကို ပါတီက ချိုးဖျက်ရာရောက်ပါတယ်။ ပါတီက အများဆန္ဒအရ ပညာပေး ခေါင်းဆောင်သည့်နည်းတိုသာ လိုက်နာလုပ်ဆောင်ရပါတယ်။

အခု ဘီတီယူစီကိစ္စမှာ ပါတီက တိုက်ရိုက်တာဝန် မယူပါ။ ဘီတီယူစီအဖွဲ့အစည်းဆိုင်ရာ အများဆန္ဒအရ၊ ဆုံးဖြတ်လုပ်ဆောင်နိုင်ကြပါတယ်။ ပါတီရဲ့ ယေဘူယျ သဘောထားကတော့ လူထုအဖွဲ့အစည်းများ ပေါင်းစည်းညီညွတ်စေတဲ့နေရာမှာ ဖွဲ့စေပဲ့စေ၊ ဖျက်စေတဲ့ နည်းမျိုးအရမဟုတ်ဘဲ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ဆန္ဒတူ လုပ်ငန်းတူ စည်းမျဉ်း စည်းကမ်းတူပေါ်မှာ စနစ်တကျ လူထုအခြေခံနဲ့ ပေါင်းစည်းခြင်းမျိုးသာ မှန်ကန်တယ်။ ဖွဲ့ပြီး ဘာအဖွဲ့တွေကိုဖျက်၊ ဖျက်ပြီးမှ တခါတဦးချင်းတွေ ပြန်ပေါင်းပြီးမှ-တခါထပ်ပြီးတဖွဲ့ဖွဲ့ဆိုတာ မမှန်ဘူးလို့ယူဆပါတယ်၊ သို့ပေမဲ့လဲ သက်ဆိုင်ရာ ဘီတီယူစီအဖွဲ့အစည်းရဲ့အများဆန္ဒပါဘဲ။

အဲဒီမှာ သခင်လူအေး၊ သခင်မျိုးညွန့်တို့ဟာ ပါတီမှ နုတ်ထွက်သွားကြပြီဖြစ်တဲ့အတွက် ပါတီနဲ့ဘယ်လိုမှမပတ်သက်တော့ပါဘူး၊ ဘီတီယူစီက မထွက်သေးရင်တော့ အလုပ်သမားအဖွဲ့ ခေါင်းဆောင်များအနေနဲ့ သူတို့ဟာ ဆက်လက်နေနိုင်ခွင့်ရှိပါသေးတယ်။

ကျန်သိချင်တာတွေ ရှိသေးရင်တော့ ဘီတီယူစီ ဥက္ကဋ္ဌကြီး သခင်လွင်ကို သူ့ရုံးမှာ သွားရောက်မေးမြန်းနိုင်ကြပါတယ်။

မေး။ ပါတီဘုန်းကြီးရှိပ်သာတွေနဲ့ပြီး ဘာလုပ်ငန်းတွေ လုပ်မှာလဲ၊ နယ်တွေမှာရော ဖွဲ့မှာလား။

ဖြေ။ ''ပါတီဘုန်းကြီးရှိပ်သာ''ဆိုဒါ တခြားမဟုတ်ပါဘူး၊ အချိန်ပြည့် ပါတီဝင် ကေဒါတွေ တနည်းအားဖြင့် စည်းရုံးရေးမှူးတွေအချိန်ပြည့်အလုပ်-လုပ်နိုင်ဖို့အခြေခံကျောင်း၊ ခရိုင်၊မြို့နယ်ပါတီ ကော်မတီရုံးတွေမှာ ပြည်သူ့စေတနာ၊ ပြည်သူ့အကူအညီနဲ့ဘုန်းကြီးရှိပ်သာများဖွင့်လှစ်လုပ်ဆောင်ကြဘို့ပါဘဲ၊ ပါတီဝင်တွေဟာပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ရင်း ပြည်သူ့စေတနာကို သန့်ရှင်းစွာခံယူပြီးနေထိုင်စားသောက်ကြဘို့ပါဘဲ၊ သားမယားမိဘတွေကမကြည်ဖြူနိုင်ကြတဲ့အဆုံးရောက်လာတောင်မှ နိုင်ငံရေးအလုပ်မပျက်ကြစေ

တို့ပါဘဲ၊ ကျွန်တော်တို့ပါတီဟာသိကြတဲ့ အတိုင်း အလွန်အဖိနှိပ်ခံခဲ့ရပြီး၊ အင်မတန် ဆင်းရဲခဲ့တဲ့ ပါတီဖြစ်ခဲ့ရပါတယ်၊ ရှေ့အတွက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် အကောင်အထည်ဖေါ်ရေး လုပ်ငန်းတွေမှာလဲ ဘယ်သူ့မှ အားကိုးစရာမရှိပါ။ ပါတီဝင်တွေဟာ ပလိုင်း- ချင်းတောင်းများ ကိုင်ဆွဲပြီး ပြည်သူတွေရဲ့ထံမှ ဆီ-ဆား-ဆန်အလှူခံပြီး တဖက်ကလဲအကျိုးပြုလုပ်အားတွေပေးပြီး စားသောက်နေထိုင်သွားကြရမယ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဟိုရှေးတုံးက ဆိုရှယ်လစ် ပါတီကို စ တူထောင်ခဲ့ကြတုံးက မှတ်မိပါသေးတယ်၊ ကျွန်တော်နဲ့ ရဲဘော်ထွန်းရွှေဆိုတဲ့ သူငယ်နဲ့ မနက် ၈-နာရီထိုးရင် ၂ ယောက်သားတောင်းတလုံးစီနဲ့ ဟိုတုံးက ၃၈ လမ်းထဲမှာ ဈေးကလေးတခုရှိပါတယ်၊ အဲဒီမှာအလှူခံပြီး ချက်ပြုတ်စားကြရပါတယ်၊ အလုပ် လုပ်တော့ ထင်းရှူးသေတ္တာ ပုံးကြီးတွေပေါ်မှာ ထိုင်ပြီးအလုပ် လုပ်ခဲ့ကြရပါတယ်။

ဘာအလုပ်တွေ လုပ်ကြမလဲဆိုတဲ့ မေးခွန်းကတော့ ကြေငြာထားတဲ့အတိုင်းပါဘဲ၊ပါတီမှာပါတီဝင် ၁၅ ယောက် ၂၀ဘဲ ကျန်ကျန် ပါတီကိုစနစ်တကျ သိပ်သိပ်သည်းသည်း ပြန်လည် စည်းရုံးရေးနဲ့ ယနေ့ ပါတီရဲ့နိုင်ငံရေး ကြွေးကြော်သံအတိုင်း "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ပြည်သူ့ဒီမိုကရေစီ အခြေခံနဲ့ အကောင်အထည်ဖေါ်ရေး လုပ်ငန်းကြီးဘဲဖြစ်ပါတယ်၊ ဒါကိုကျွန်တော်တို့ ယုံယုံကြည်ကြည် လုပ်ဆောင်သွားကြမယ် ဖြစ်ပါတယ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ပါတီနဲ့လဲ ပူးတွဲလုပ်ဆောင် နိုင်အောင် ဖွဲ့ကောင်းကောင်းနဲ့ ကြိုးစားမယ်ဖြစ်ပါတယ်။

မေး။ ။မ-ဆ-လပါတီထဲကိုမဝင်ဒါဟာ သခင်ချစ်မောင်တို့အကြံ ပေးထားတဲ့အတိုင်း၊ သိပ္ပံနည်းကျ ဆိုရှယ်လစ် ဝါဒကို လက်မခံလို့ မဝင်နိုင်ဒါလား-ဘယ်လိုအခြား အကြောင်းများ ရှိပါသေးသလဲ၊

ဖြေ။ ။သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ဆိုဒါနဲ့ ပတ်သက်လို့ နောက်ပိုင်းမှာ ကျွန်တော် ဖြေကြားပါမယ်၊ ကျွန်တော်တို့ပါတီကိုဖျက်သိမ်းပြီး မ-ဆ-လပါတီထဲကို တဦးချင်းဝင်ရေးဆိုတဲ့ အယူအဆနဲ့ ပတ်သက်ပြီး ကျွန်တော်ရှင်းလိုပါတယ်။

ပါတီတရပ်ကိုဖျက်ပြီး ပါတီတရပ်ကို ဝင်ရေးဆိုဒါ လွယ်ကူတဲ့ နိုင်ငံရေးကိစ္စကြီးတခု မဟုတ်ပါဘူး၊ သမီးရည်းစားဘဝက လင်မယားဘဝကျအောင် ပေါင်းကြသင်းကြရတဲ့ကိစ္စမှာ တောင်အများကြီး ညှိညှိ နှိုင်းနှိုင်း ချိန်ချိန် ဆဆ လုပ်ကြရပါတယ်၊ ဒါတောင်လင်ကွဲမယားကွဲတွေ အများကြီး ဖြစ်နေကြရပါတယ်၊ အခုလို အင်မတန်ကြီးကျယ်တဲ့ လူတွေရဲ့ကံကြမ္မာ အများကြီးပါတဲ့ နိုင်ငံရေးကိစ္စကြီးတရပ်မှာ ဝါဒရေးလုပ်ငန်းစဉ်ရေး၊ စည်းမျဉ်းစည်းကမ်း လိုက်နာမှု တူညီနိုင်ရေးတို့မှာ အများကြီးညှိနှိုင်းသဘောတူဘို့ လိုပါလိမ့်မယ်။ ဒီကနေ့ ဝင်ကြပေါင်းကြ-မနက်ဖြန် ကွဲကြပြဲကြဆိုတဲ့ နိုင်ငံရေးမျိုးကိုတော့ ရပ်တန်းကရပ်သင့်ကြပါပြီ။

ဒါကြောင့် အခြေခံသဘောထားတွေ လုပ်ငန်းတွေမှာ အချိန်ယူညှိနှိုင်းကြဘို့လိုပါလိမ့်ဦးမယ်။

ဒါပေမဲ့ ကျွန်တော်တို့ပါတီကို ဘာကြောင့် ဖျက်သိမ်းပြီး တဦးချင်းလျှောက်လွှာကိုင် မဝင်နိုင်တဲ့အကြောင်းကို အများလွယ်ကူစွာနားလည်နိုင်အောင်အကြောင်း (၃) ချက်ပြပါမယ်။

ပဌမအကြောင်းပြချက်က "မလိမ့်တပတ်နဲ့ရောယိမ်းလိုက်ဘသား ယိမ်းလိုက် မလုပ်လို့" ဆိုတဲ့အချက်ဘဲ ဖြစ်ပါတယ်၊ အဓိပ္ပါယ်ကတော့တိုင်းပြည်ရဲ့ကံကြမ္မာကို ဖန်တီးမဲ့ နိုင်ငံရေးပါတီကြီးတရပ်ကိုအတူတကွအသက်ပေး ထူထောင်ကြမဲ့လူတွေဟာ ဘာမှတိတိကျကျ မိမိရရ ညှိနှိုင်းသဘောတူညီမှု မပြုရသေးဘဲ "မလိမ့်တပတ်နဲ့ ရောယိမ်းလိုက် ဘသားယိမ်းလိုက် ဟေလားမောင်ရို့ဝါး" ဆိုပြီးဝင် ပူးလိုက်ရာမှာ ကျွန်တော်တို့ အတွက် အများကြီး ဇန်လေး နေပါ

တယ်။ ကိုယ့်ကိုလဲမလိမ့်တပတ်လုပ် သူများကိုလဲမလိမ့်တပတ်လုပ်ရာ ရောက်ပြီးအစေ့ါကောင်းဒါနဲ့ လိုက်ပြီးယိမ်းရတာမျိုးဆိုရင် မလျော်ဘူးလို့ယူဆပါတယ်။

ကျွန်တော်တို့ရဲ့ ဘဝမှာ အလွန် ဇာတ်နာလှတဲ့ သင်ခန်းစာကြီးတခုရရှိခဲ့ဘူးပါတယ်။ ၁၉၄၅-၄၆ ခုမှာ ကွန်မြူနစ် ပါတီဟာအလွန် အင်အားကောင်းပြီး ဩဇာကြီးမားတဲ့ ပါတီကြီးတရပ် ဖြစ်ခဲ့ပါတယ်၊ ဂျပန် တော်လှန်ရေးအပြီးမှာ ကျွန်တော်တို့ ပြည်သူ့ အရေးတော်ပုံပါတီက ကွန်မြူနစ်ပါတီနဲ့ ပါတီအလိုက်ပူးပေါင်းပါဝင်ရေး ကမ်းလှမ်းခဲ့ကြပါတယ်၊ အဲဒီအခါမှာကျွန်တော် တို့ကို လက် မခံခဲ့ပါဘူး၊ ဝင်ချင်ရင်တဦးချင်းဝင်ရမယ်။ ဒါလဲကြိုက်မှ လက်ခံမယ်လို့ဆိုခဲ့ပါတယ်၊ အဲဒီအခါမှာ ကျွန်တော်တို့ အရေး တော်ပုံ ပါတီ ခေါင်းဆောင်များက "ခင်ဗျားတို့လုပ်ရဲဒါ လုပ်ခဲ့ပါမှန်သမျှ ကျွန်တော်တို့လဲ ခင်ဗျားတို့နဲ့အတူ လုပ်ခဲ့ကြဒါချည်းပါဘဲ။ ကျွန်တော်တို့မှာ ဝါဒသဘောတရားရေးအားနဲ့ရင် ခင်ဗျားတို့ ပါတီထဲ ရောက်ရင်အားဖြည့်သင်ကြားပေးရုံဘဲ ပြီးတော့နောက်မှ ပါတီနဲ့ မတန်ရင်ထုတ်ပစ်ရုံဘဲ" လို့ပြောခဲ့ကြပါတယ်၊ဒါပေမဲ့ကွန်မြူနစ်ပါတီက လက်မခံခဲ့ပါဘူး၊ တော်လှန်ရေးကြီး တခုလုံးကို သူတို့ပါတီ တခုတည်းနဲ့ လုပ် သွားမယ်ဆိုတဲ့ "ဂိုဏ်းဂဏပြင်းထန်မှုကြီး" ပါဘဲ။

ကျွန်တော့်ကိုယ်တွေ့သာဓကမှာဆိုရင်ဂျပန်တော်လှန်ရေး အပြီးမှာကျွန်တော့်ကိုကွန်မြူနစ်ပါတီထဲဝင်ဘို့သခင် ခင်အောင်နဲ့ကွယ်လွန်သူကိုထွန်း (ကွန်မြူနစ် စည်းရုံးရေးမှူး) တို့က အကြိမ်ကြိမ် လာရောက်ပြောကြားခဲ့ပါတယ်၊ ဒါပေမဲ့ တဦးချင်း နေပါအုံး၊ခေါင်းဆောင်ကြီးသခင်မြစတဲ့ ပုဂ္ဂိုလ်တွေနဲ့ ရုံ့ညီညီ စဉ်းစားကြပြီးမှအတူ တကွအညီအညွတ်လုပ်ကြဒါပေါ့လို့ ပြောခဲ့ဘူးပါတယ်။

အဲဒီလို ကွန်မြူနစ်ပါတီကြီးဟာ ပါတီဝင် လက်ခံရေးမှာ ရောပုဂ္ဂိုလ်ပါတီအချင်းချင်း ဆက်ဆံရေးမှာရော အလွန် ဂိုဏ်းဂဏ ပြင်းထန်ခဲ့သည်ကို ကျွန်တော်တို့ ဟာ [illegible]ပြီး ဆိုရှယ် လစ်

ပါတီကိုထူထောင်ခဲ့ကြပါတယ်။ ဘာမှဝါဒရေးလုပ်ငန်းစဉ်ရေးစည်းမျဉ်း စည်းကမ်းလိုက်နာမှု တူညီရေးစတဲ့ တကယ့် အခြေခံ သဘောကြီးတွေကို ထိထိမိမိ၊ တိတိကျကျ ဆွေးနွေး ညှိနှိုင်းမှုမပြုခဲ့ မိပါဘူး၊ ထိုစဉ်ကလဲဆိုရှယ်လစ်ပါတီဟာ မျက်နှာအငယ်ဆုံးအချိန်ပါဘဲ၊ကွန်မြူနစ်ပါတီကတံခိုးအခမောက်ဆုံး အချိန်ပါဘဲ။

ကျွန်တော်တို့ဟာ ယေဘုယျလောက်ဘဲ ဆွေးနွေး ညှိနှိုင်းကြပြီးတဖက်ဂိုဏ်းဂဏကိုဂိုဏ်းဂဏနဲ့ဘဲပြန်ခံတော့ပြီးဆိုရှယ်လစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုဖွဲ့စည်းခဲ့ကြဒါပါဘဲ။ ဝါဒကတော့ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ ဆိုဒါကိုကြေငြာပြီး သင်တန်းပေးတော့ ဆရာဦးကိုကိုကြီးတို့က မာ့က်ဇ်-လီနင် ဝါဒကိုအမှန်အတိုင်း သင်ကြားဖို့ချခဲ့ဒါပါဘဲ။ အာရှတိုက်မှာ အင်မတန်အဆင့်အတန်းမြင့်တဲ့ ဆိုရှယ်လစ်ပါတီတရပ်ပါဘဲ၊ကျွန်တော်ဟာခေါင်းဆောင်ကြီးသခင်မြနဲ့အတူနေဖြစ်တော့တနေ့ကွန်မြူနစ် ပါတီနဲ့ပေါင်း ကြရမှာပါလို့ ခဏခဏသူပြောခဲ့ဘူးဒါကို ကြားရပါတယ်။ ကျွန်တော်တို့လဲ ကွန်မြူနစ်ပါတီရဲ့ ဂိုဏ်းဂဏကြောင့်သာကွန်မြူနစ်ပါတီနဲ့ မပေါင်းနိုင်ခဲ့ပေမဲ့ ဒို့လဲမာ့က်ဇ်-လီနင်ဝါဒတွေဘဲလို့ ဂုဏ်ယူလုပ်ဆောင်ခဲ့ပါတယ်၊ကွန်မြူနစ်ပါတီနဲ့အားကျမခံ အငတ် အပြတ် အသေအကြေခံ လုပ်ခဲ့ကြပါတယ်။

ဒါပေမဲ့ ၁၉၄၈ခုနှစ် လွတ်လပ်ရေးကြေငြာပြီး ဒီဘက်ကာလ ရောက်လာတော့၊အယူအဆရေး တွေမှာ တယောက် တမျိုး ဖြစ်လာဒါကို စတင်ခံစား လာရပါတယ်။လူလဲ ၃စု ကွဲသွားပါတယ်။ကျောင်းသားသမဂ္ဂအုပ်စု သခင်အုပ်စု ဦးကိုကိုကြီးတို့ အုပ်စုဆိုပြီး ကွဲမှန်းမသိ ကွဲလာပြီး ဝါဒရေးအရမှာတော့ ၂စုကွဲ ထွက်လာပါတယ် ကျွန်တော်တို့ ဦးဗဆွေ၊ ဦးကိုကိုကြီးတို့ကတော့ ဝါဒရေးမှာ မူလဝါဒ အတိုင်း၊ တိမ်းညွှတ် သွားကြတယ်။ဦးကျော်ငြိမ်း၊ ဦးကျော်မြင့်၊ ဗိုလ်ခင်မောင်လေး၊ ဦးဝင်းစတဲ့လူတွေက "ဆိုရှယ်ဒီမိုကရက် လေသံ တွေပေးလာကြတယ်။ ပြီးတော့ ဆိုရှယ် လစ် ပါတီရဲ့ အစိုးရ ဖဆပလ တပ်

ပေါင်းစုရဲ့ အစိုးရ မဟုတ်တော့ဘဲ အစိုးရရဲ့ အခိုင်းခံ အစေခံပါတီ အဖွဲ့အစည်းဖြစ်လာတယ်။

ဒါနဲ့ ၁၉၄၉ခုနှစ်ဧပြီလမှာ အစိုးရအဖွဲ့က ထွက်ခဲ့ကြပြီး ဦးဗဆွေ၊ သခင်လွင်နဲ့ ကျွန်တော် ၃ဦးပါတဲ့ ပြန်လည် စည်းရုံးရေး ကော်မတီဖွဲ့ပြီး ဝါဒရေးလုပ်ငန်းစဉ်ရေး စည်းမျဉ်း၊ စည်းကမ်းရေးတွေမှာ တိတိကျကျလဲ လုပ်လာပါရော။ ဦးကျော်ငြိမ်းတို့ လူစုကအစိုးရအာဏာနဲ့ တိုက်လာလိုက်တာနောက်ဆုံး ကျွန်တော်တို့ဟာ မောင်းချနှင်ထုတ်ခြင်းခံရတဲ့ ဘဝကို ရောက်ခဲ့ရပါလေရော။ အဲဒီကာအစ ဆိုရှယ်လစ်ပါတီဟာ ကွဲပြလာလိုက်တာ ဒီကနေ့ဆိုရှယ်လစ်ပါတီဆိုဒါ အစိတ်စိတ် အမြွှာမြွှာဖြစ်ပြီး ပျောက်ကွယ်သွားရတဲ့ ဘဝကိုတိုင်ပါလေရော။

ဒါဟာအစ မကောင်းရင် အနှောင်း မသေချာတဲ့ အဖြစ်အပျက်ဆိုးကြီး ဖြစ်ပြီး ကွန်မြူနစ်ပါတီနဲ့လဲ ပြည်တွင်းစစ် ဖြစ်လိုက်ရဒါ တိုင်းပြည်လဲ ပြာကျခဲ့ပါရော။ ဆိုရှယ်လစ် ပါတီနဲ့ ကွန်မြူနစ်ပါတီတို့မှာလဲ ရစရာမရှိအောင် အနာကြီးနာကြပြီး နယ်ချဲ့ သမား နဲ့ လက်ပါး စေတွေအတွက်သာ "ရွှေမိုးသည်း၊ ငွေမိုးသည်း ရွာစေခဲ့ပါပါတဲ့"

ကျွန်တော်တို့မှာ အဲဒီ ရာဇဝင် သင်ခန်းစာကြီးက နက်နဲ ပြင်းထန်လွန်းလို့ မဆလ ပါတီနဲ့ အခုပူးပေါင်းဖွဲ့စည်း ကြမယ်ဆိုရင်လဲ အခြေခံအုတ်မြစ်ကြီးတွေ အပေါ်မှာ ထိထိမိမိကြီး ဆွေးနွေး ညှိနှိုင်းကြပြီးမှ မကွဲနိုင် မပြိုနိုင်အောင် သိသိ မှတ်မှတ် ပေါင်းပြီး သေသောင်ရှင်ဘက်သစ္စာရှိရှိ တည်ဆောက် လုပ်ဆောင်သွားချင်ပါတယ်။

ဆိုရှယ်လစ်ပါတီတုန်းက ဖြစ်ခဲ့ပျက်ခဲ့ရတဲ့ သင်ခန်းစာကြီးနဲ့ ပတ်သက်ပြီး ပညာတတသဘောပတီတဖွဲ့လုံးနဲ့ ဗိုလ်ချုပ်ကြီး နေဝင်းတို့ တတိယအကြိမ်တွေ့ကြတုန်းက ကျွန်တော်ပြန်လည်တင်ပြခဲ့ဘူးပါသေးတယ်၊ ပါတီထူထောင်မယ်ဆိုရင်လဲ အခြေခံ အုတ်မြစ် တွေမှာ ပြတ်ပြတ် သားသား ချမှတ်တည်ဆောက် ပေးလိုတဲ့ အညီအညွတ်ညှိနှိုင်းစေလိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါဘဲ။

ဒါတွေကြောင့်မလိမ့်တပါတီနဲ့ ရောယိမ်းလိုက် ဘသားယိမ်းလိုက်မလုပ်လိုလို့ အကြောင်းပြခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒုတိယအကြောင်းပြ ချက်ကတော့ "အထူးလုံလောက်တဲ့ အကြောင်းမရှိပါဘဲလျက် မိမိတို့ ထူထောင်လာခဲ့တဲ့ ပါတီကိုမိမိတို့ပင်ပြန်ပြီး မဖျက်ပါရစေလို" လို့ ပြောချင်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီကလဲ ပါတီတွေဖျက်ဝင်ရမယ်လို့လဲ တလုံးတပါဒမှလဲမပြော၊ အရိပ်အမြွက် မျှပင်မဆိုပါ။ ပါတီတွေဟာ ဂိုဏ်းဂဏတွေ ဖယ်ရှားပြီး အပြုသဘောနဲ့ ညီညွတ်စွာ နီးစပ်လာအောင် ကြိုးပမ်းကြဖို့သာ မေတ္တာရပ်ခံထားပါတယ်။

ပြီးတော့လဲမဆလပါတီအာဏာပိုင်များနဲ့ ကျွန်တော်တို့ဟာ ပါတီဝင်ရေး ပေါင်းရေးအတွက် ဘာတခုမှအလေးအနက် အကြိုအကြားလဲမဆွေးနွေးရသေးဘူး၊ ပြီးတော့လဲမိမိတို့ပါတီဖျက်ပြီး မဆလ ပါတီကို တဦးချင်း ဝင်ရမဲ့နေရာမှာလဲ ပါတီဝင်တွေကို ဟိုတဖက်ပါတီက လက်ခံမယ် မခံဘူးဆိုဒါလဲ ဘာမှမသိရသေးဘူး၊ ဘာမှမသိရသေးဘဲမိမိတို့ပါတီကို ဒီလာ သက်သက် ဖျက်လိုက်ရရင် ပါတီဝင်တွေဟာ ဟိုမရောက် ဒီမရောက်နဲ့ ဖရိုဖရဲ ကသီလင်တတွေ ဖြစ်ကုန်ကြမယ်။ ပါတီဝင်တဦးစီပိုင်တဲ့ ပါတီကိုဘာ အာမခံချက် အကြောင်းလုံလောက်ချက်မှ မပြောနိုင်ဘဲ၊ ဘုမသိ ဘမသိဖျက်ပစ်ရမယ် ဆိုရင်အဲဒီလိုဖျက်တဲ့ ခေါင်းဆောင်မျိုးကို နောင်ရာဇဝင်မှာ ဘယ်လိုတာဝန်ကြီးပြီး ဝန်လေးသွားမလဲ၊ ပါတီဝင်နောင်လာ နောက်သား တွေကလဲ ဘယ်လိုနားလည်ရမလဲ၊ အဲဒီလိုအခက်အခဲကြီးတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ငှက်ကလေးတွေတောင် မိမိတို့ရဲ့ အသိုက်ကိုမိမိတို့ မဖျက်တတ်ကြသလို နိုင်ငံရေး ခေါင်းဆောင်တွေ ဖြစ်ပြီးဝါဒလမ်းစဉ် စည်းမျဉ်းစသဖြင့် အသက်သွေးတွေပေးပြီး တည်ဆောက်လာခဲ့တဲ့ မိမိတို့ရဲ့ ပါတီ

ကိုဘာမှအကြောင်း လုံးလုံး လောက်လောက် မရှိဘဲ မိမိတို့ကဘဲ ပြန်ဖျက်ပစ်ရမယ်ဆိုရင် ရာဇဝင်မရိုင်းပေဘူးလား။ ကိုယ်လွတ်ရုံးပြီးတဦးချင်းတွက်ပြီးဝင်ကြဒါကတော့ ပြဿနာတမျိုးပါ၊ ပါတီစိတ်ပါတီအခြေခံနဲ့လုပ်ထားမှမဟုတ်ဘဲ အစသဲကချွင်းနေပါတယ်။

ကျွန်တော်တို့ရဲ့တတိယအကြောင်း ပြချက်ကတော့ "လမ်းစဉ်ပါတီသစ်ကို ကျွန်တော်တို့ရဲ့မလိမ့်တပေါက် ပရောဂမျိုးနဲ့အမှားသို့မရောက်စေလို မပျက်ပြားစေလို" လို့ပြောလိုပါတယ်။

စဉ်းစားကြည့်ပါ-အခုကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေး ပါတီတွေဟာအနန့် အများဆိုသလို ကွဲကြ-ဝဲ့ကြ-ဝဲ့ကြဖေါက်ကြနဲ့ တော်တော်ဘဲရှုတ်ချတ်ယက်ယက် ဖြစ်နေကြပါတယ်။ ကမ္ဘာပေါ်မှာမကွဲကောင်းမမြဲကောင်းတဲ့ ကွန်မြူနစ်ပါတီ အလုပ်သမားလူတန်းစားပါတီတွေသော်မှ ကျွန်တော်တို့တိုင်းပြည်မှာကျော်မကောင်းကြားမကောင်းအောင်ကွဲနေ၊ ပြိနေကြပါတယ်။ ရာဇဝင်မှာဘယ်တိုင်းပြည်မှာမှမဖြစ်ဘူးတဲ့ အဖြစ်အပျက်မှာဗမာပြည်မှာမှ လာဖြစ်နေတာကိုသာ ကြည့်ပါ။

အဲဒီတော့ ဗမာပြည်ရဲ့ ကံကြမ္မာနဲ့ အခုနေအခါမှာ ထုံးလား ထွေးလားဖြစ်နေတဲ့ လမ်းစဉ်ပါတီသစ်ကို ကျွန်တော်တို့ဟာ တကယ်ရိုးသားစွာ ထိမ်းသိမ်းကူညီချင်လို့ပါတယ်၊ ဗမာပြည်ဟာအခုနေအခါမှာ ဆိုရှယ်လစ်ရေးအတွက် ပြည်သူ့ဒီမိုကရေစီအာဏာပိုင်နိုင်ငံကို ထူထောင်မလား၊ ဒါမှ မဟုတ်နောက်ကြောင်းပြန်ပြီးအရင်းရှင်ဒီမိုကရေစီရေးကနေပြီး စစ်အာဏာရှင်စနစ် ထူထောင်ရေးကို ပြန်သွားမလား၊ အဲဒီလိုလမ်း၂ခွမှာရောက်နေပါတယ်။ ပါလီမန်တို့ ဘာတို့ကိုလဲဖျက်သိမ်းပြီးပြီ၊ ဒီတော့ နောက်ကြောင်း မပြန်တော့ဘဲရှေ့ကြောင်းချီဘို့ တလမ်းထဲဘဲ ကျန်တော့တဲ့ အရေးမှာ လမ်းစဉ်ပါတီသစ်ဟာအဆုံးအဖြတ်ပေးရမဲ့နေရာမှ ရောက်နေပါတယ်။ အဲဒီပါတီမှာ ဂိုဏ်းပေါင်းစုံ အယူအဆ ပေါင်းစုံပြွန်းစုပြီး လယ်ဟာ ကြိုတိုက်ကြ ခိုက်ကြ စောကုန်သတည်းဆိုဒါမျိုး မှားမတော်တဆဖြစ်သွား

ရင် ပါတီရဲ့ညီညွတ်နိုင်မှာရေး၊ ရှေ့ဆောင်ရေးမှာ အများကြီး ထိခိုက်သွားနိုင်ပါတယ်၊ ဖဲ့သူ ဖေါက်သူ ဖျက်သူတွေ အကုန်စုပြီးတပ်ချိုပြီးဝင်သလို လုပ်ကြရင် အာဏာရ ပါတီတရပ်ကို အများကြီး ဒုက္ခပေးနိုင်ပါတယ်။

ဒီလိုအန္တရာယ်တွေရှိနိုင်မှန်းသိပါလျက် ကျွန်တော်တို့ကလဲ မလိမ့်တပတ်နဲ့ "အကြိုက်လိုက် လုပ်သလို" လုပ်မှားမိရင်မိမိတို့လဲပျက်၊ တိုင်းပြည်ရဲ့ ကံကြမ္မာကို ကိုင်ထားတဲ့ပါတီလဲ ပျက်ဆိုရင် နောင်ရာဇဝင် တခေတ်မှာ အများကြီးဇာတ်ပြောခံရအုံးမယ်။

အဲဒီတော့ ကျွန်တော်တို့ပါတီအနေနဲ့သိလျက်နဲ့ ပရောဂ မပါရအောင် ရိုးရိုးသားသားပွင့်ပွင့်လင်းလင်းနဲ့ ဘယ်လိုနည်းနဲ့ သာသိသိမှတ်မှတ် သန့်ရှင်းရှင်း ပေါင်းပါရစေဆိုဒါ ဖွင့်ဟ ကြေငြာလိုက်ခြင်းဘဲဖြစ်ပါတယ်။ ပြီးတော့... ကျွန်တော်တို့ကိုယ်တိုင် အနှစ်နှစ် အလလက ယုံကြည်ခဲ့တဲ့ ယုံကြည်ချက်ဝါဒကို အခုမှ မလိမ့်တပတ်လုပ်ပြီး စွန့်ပစ်လိုက်ပြီး ဖြစ်သလိုလိုနဲ့ ဝင်ရရင် နောင်အခါမှ "ကွန်မြူနစ်တွေ ဒို့အထဲမှာဝင်ပြီး ယိုးဖေါက်ရေး" လုပ်တယ်ဆိုပြီး အထင်အမြင်လွဲပြီး ကွဲကြရရင် ကောင်းပါတော့မလား၊ တဦးနဲ့တဦးသစ္စာမဲ့ရာမရောက်ပေဘူးလား၊ အဲဒီတော့ အစကထဲကပွင့်ပွင့်လင်းလင်းပြောဆိုညှိနှိုင်းပြီး၊ သဘောတူညီချက်အရသာ သိသိမှတ်မှတ် ပေါင်းလိုပါတယ်။ ပေါင်းရရင်လဲ မခွဲတမ်းပေါင်းသွားချင်ပါတယ်။

အခုအခါ အရေးကြီးဆုံးကတော့ "မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ကို ပြည်သူ့အခြေခံနဲ့ အမြန်ဆုံး အကောင်အထည်ဖေါ်နိုင်ရေးဘဲဖြစ်ပါတယ်။ ဒါအတွက် တပါတီထဲ အတူပေါင်းပြီး ဖေါ်နိုင်ရင်လဲကောင်းတယ်။ ဒါမှမဟုတ် ပါတီတွေ လက်တွဲပြီး၊ အညီအညွတ် အကောင်အထည်ဖေါ်နိုင်ရင်လဲ ကောင်းတယ်။ အရေး အကြီးဆုံးကတော့ ပါတီအလိုက် ညီညွတ်ကြရန်နဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အပေါ်မှာ ပါတီများလက်တွဲညီညွတ်ကြရန် အထူးဘဲ လိုအပ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပဋ္ဌမတော်လှန်ရေးကြီးမှာ နယ်ချဲ့ကို ဝိုင်းပယ်ရအောင် မိတ်ဆွေမှန်သမျှ အားလုံးနဲ့ ပုံစံအမျိုးမျိုး-နည်းမျိုးမျိုးနဲ့ လက်ဆွဲပူးပေါင်းခဲ့တယ်။ ဖွဲ့ကောင်းကောင်း အမြင်ကျယ်ကျယ်နဲ့ ပူးပေါင်းဆွဲခေါ်သွားတယ်။ ဒါကြောင့်လဲ အောင်ပွဲရခဲ့တယ်၊ အခု ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဒုတိယ လူမှုတော်လှန်ရေးဟာ ပို၍ခက်ခဲတယ်၊ နက်နဲတယ်၊ ဒုတယ်ကြီးတယ်၊ ရေရှည်သဘော ဆောင်တယ် ဒါကြောင့်နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးမိတ်ဆွေ အင်အားစုမှန်သမျှ အားလုံးကို ပုံစံအမျိုးမျိုး နည်းမျိုးမျိုးနဲ့ ပူးပေါင်းဆွဲဆောင်သွားနိုင်ရမယ်။ ပုဂ္ဂိုလ်အလိုက် - ပါတီအလိုက် - လူထု လူတန်းစား အဖွဲ့အစည်းတွေအလိုက် - ဆွဲခေါ်သွားရမယ်။ ဥက္ကဋ္ဌကြီး မော်စီတုံးရဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးတပ်ပေါင်းစုကြီးကို ကြည့်ပါ၊ ဖြစ်နိုင်တဲ့ မိတ်ဆွေ အင်အားစုတွေမှန်သမျှ အကုန်ဆွဲခေါ်သွားပုံဟာ အလွန်အားရစရာကြီးပါဘဲ၊ အဲဒါတွေကို တခုတည်းသော အလုပ်သမားလူတန်းစားပါတီကြီးက ဖွဲ့ကောင်းကောင်းနဲ့ ပညာပေးခေါ်ဆောင်သွားတာပါဘဲ။

အခု ကျွန်တော်တို့ တိုင်းပြည်မှာ တော်လှန်ရေး ကောင်စီကဘာမှ မပြောဘဲနဲ့၊ နိုင်ငံရေး ဝါရင့်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်အချို့က အာဏာနားမှာ ပါဏာမျှော်ပြီး "လမ်းစဉ်ပါတီသစ်ထဲကို မဝင်ရင် ရန်သူ ဝင်ရင် မိတ်ဆွေဆိုပြီး ပါတီသစ် ဝင်ရေးမဝင်ရေးနဲ့ မိတ်ဆွေရန်သူကိုဝိုင်းပြီးခြိတ်နေကြတယ်၊ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးနဲ့ မကြည့်ကြတော့ဘူး။ အဲဒီလိုဝမ်းနည်းစရာကောင်းနေပြီ၊ အဲဒီလိုသာ ကျွဲမြောင်းနေကြရင် ဂိုဏ်းဂဏ ခွဲထနေကြရင် လမ်းစဉ်အကောင်အထည်ဖေါ်ရေး ရင်လေးစရာကြီးပါဘဲ၊

မေး။ သခင်ချစ်မောင်တို့ရဲ့ ပါတီထူထောင်ရေး အကြံပေးချက် ၉ ချက်ကို လမ်းစဉ်ပါတီက လက်မခံရင် ဘယ်လိုလုပ်မလဲ၊ ဒါနဲ့ပတ်သက်လို့ ဆက်လက်ဆွေးနွေးဦးမလား၊

ဖြေ။ ဟုတ်ကဲ့.... ကျွန်တော်တို့ရဲ့ အကြံပေးချက် ၉ ချက်ကို ဒီကနေ့အထိတော့ဘာမှတိတိကျကျ မဆွေးနွေးမညှိနှိုင်းရသေးပါ၊ ပါတီသစ်ရဲ့ စည်းမျဉ်းဥပဒေများလဲ ထွက်ပေါ် ပြဋ္ဌာန်းပြီးပြီ ဆိုတော့ လက်မခံသေးဘူးလို့ ဆိုရပါမယ်၊ ကျွန်တော်တို့ဟာကို တထစ်ချ လက်ခံရမယ်လို့လဲ ကျွန်တော်တို့က သဘောမထားပါ၊ မပြောပိုင်ပါ၊ ပါတီတရပ်ကို အတူတကွ ထူထောင်ရေး ဆိုရင်သာ အပြန်အလှန်ညှိနှိုင်းရေးသဘောအဖြစ်နဲ့ တင်ပြခြင်းဖြစ်ခဲ့ပါတယ်၊အခြေအနေအရ၊ ပြဿနာပြန်ပေါ်လာလို့ ဆက်လက် ညှိနှိုင်းဘို့လိုရင်လဲ ဆက်လက်ညှိနှိုင်းရန် သဘောထားရှိပါတယ်။

သို့သော်လဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ပြည်သူ့ဒီမိုကရေစီအခြေခံနဲ့ အတူတကွယုံယုံကြည်ကြည်နဲ့လက်တွဲ အကောင်အထည်ဖေါ်သွားရင်း ဆက်လက်ဆွေးနွေးဒါက ပိုပြီးခရီးရောက်မယ်ထင်ပါတယ်။ လက်တွေ့အလုပ်မပါဘဲ ပါတီပေါင်းရေးကိုသာ ရှေ့တန်းတင်ပြီး လုပ်နေရင် အထင်အမြင် လွဲမှားမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါကြောင့် လမ်းစဉ်ကိုသာချက်ချင်းလက်တွဲပြီး၊ အကောင်အထည်ဖေါ်လိုပါတယ်။ အခြေအနေ တရပ်ရပ်မှာပါတီ ပူးပေါင်းရေးပြဿနာဟာ မုချပြန်ပေါ်ရမယ်လို့ ယူဆပါတယ်။

မေး။ ပါတီဗဟိုကော်မတီအတွင်းမှာ မဆလပါတီသစ်ထဲကိုဝင်ဘို့ ကြိတ်ပြီးလုပ်နေတဲ့ ပုဂ္ဂိုလ်များမရှိဘူးလို့ သခင်ချစ်မောင်ပြောနိုင်ပါမလား။

ဖြေ။ ပါတီအနေနဲ့ စည်းကမ်းဖွဲ့ပြီး ကြိတ်လုပ်နေတဲ့ လူဟာ ဒီအချိန်အထိ၊ မရှိပါဘူးဆိုဒါကျွန်တော်ရာနှုန်းပြည့် တာဝန်ယူပြောဆိုနိုင်ပါတယ်။ တဦးချင်းဝင်လိုသူများလဲ ထွက်ပြီးကြပြီဘဲ- ကျွန်တော်တို့ပါတီအနေနဲ့အဝင်ခံ၊ အထွက်လွယ်ဘဲ၊ဘာမှကြိတ်

ပြီး လုပ်နေစရာမလိုပါဘူး၊ ထွက်သွားတော့လဲ အသိသာကြီးဘဲ၊ (ရိုင်းရယ်ကြသည်။)

မေး။ ဦးဘငြိမ်းတို့ ထွက်သွားကြတာဟာ မဆလ ပါတီဝင်ရေး မဝင်ရေးမှာသဘောကွဲလွဲပြီးထွက်ကြဒါလား၊ ဘယ်လိုလဲ၊

ဖြေ။ ဒီကိစ္စကို ဦးဘငြိမ်းတို့နဲ့ ပါတီထဲမှာ တချက်မျှ မဆွေးနွေး လိုက်ရသေးပါဘူး၊ ပါတီသစ် ထူထောင် လိုက်ကြောင်း၊ သတင်းစာတွေထဲမှာ ၅-၇-၆၂ နေ့မှာပါလာတယ်။ ကျွန်တော်တို့ နိုင်ငံရေး မြှုရိုးစည်းအဝေးကို ချက်ချင်းဆဲ ၆-၇-၆၂ နေ့ရုံမှာ စတင်ကျင်းပခဲ့တယ်၊ ၇-၇-၆၂ နဲ့ ၈-၇-၆၂ နေ့တွေမှာ တက္ကသိုလ် ကျောင်းသား အဓိကရုဏ်းများဖြစ်ပေါ်လို့ ဆွေးနွေးထားရတုံး ဦးဘငြိမ်းတို့ဟာ နောက်တနေ့ ၉ ရက်၊ ၁၀ ရက်နေ့များမှာ လူစုပြီး အစုလိုက်အပြုံလိုက်ထွက်သွားကြပါတော့ဘဲ၊ ဒီကိစ္စအတွက် ဗဟိုကော်မတီညီလာခံမှာ ကွန်ဂရက်မှာဆွေးနွေးကြမယ်၊ ဆုံးဖြတ်ကြမယ်လို့ အတိအလင်းဝတ်ပေးကြေငြာထားပြီးပြီဘဲ၊ သူတို့ဘယ့်နှယ်ကြောင့် ဒီလို အလောသုံးဆယ် ထွက်သွားကြတယ် ဆိုဒါ အခြားအကြောင်းတွေရှိပါလိမ့်မယ်၊ မှိုလဲရှိခဲ့ပါတယ်၊ မဆလပါတီ ပေါ်လာဒါကတော့သူတို့အတွက် ထန်းသီးကြွေခိုက်ကျီးနင်းခိုက်ပါ။

မေး။ ပါတီအလိုက် ပေါင်းရေးဆိုဒါ ဘယ်လို ပေါင်း ရေးကို ဆိုလိုပါသလဲ။

ဖြေ။ ပါတီအလိုက် ပေါင်း ရေးနဲ့ ပတ်သက်လို့ အဆင့်-၃ ဆင့်ရှိပါတယ်၊ ပဋ္ဌမအဆင့်က တဖက်နဲ့ တဘက် ရှိနေပြီးဖြစ်နေပြီးအနေအထား အတိုင်းပါတီ အဖွဲ့အစည်းတရပ်ရယ်လို့ အချင်း ချင်း အပြန် အလှန် အသိ အမှတ်ပြုဘို့ ရေး ကြီး ပါတယ်၊ ဥပမာအားဖြင့် ကျွန်တော်တို့က လမ်းစဉ်ပါတီကို စစ်အဖွဲ့ အစည်း တရပ်ရယ်လို့ သဘောထားလို့ မမှန်ပါဘူး၊ နိုင်ငံတော်အာဏာ ကို သိမ်းပြီးနိုင်ငံရေးလမ်းစဉ်ကြီးတရပ်ကိုပင် ကြေငြာခဲ့ပြီး ပါတရပ်ကိုပင်

ဖွဲ့စည်း လာပြီဖြစ်တဲ့ အတွက် နိုင်ငံရေးပါတီကြီးတရပ်ရယ်လို့ အလေးအနက် အသိအမှတ် ပြုကြရမယ် ဖြစ်ပါတယ်၊ ရှေးတုံးကလို စစ်သား၊ စစ်ဖွဲ့ရယ်လို့ သဘောထားဆက်ဆံနေရင်မှားပါလိမ့်မယ်၊ နိုင်ငံရေးလုပ်ငန်းကြီးထဲကို အထင် အရှား ဝင်လာပြီဖြစ်ပါတယ်၊ အဲဒီလိုဘဲ ကျွန်တော်တို့ပါတီကိုလဲ နှစ်ပေါင်းများစွာကပင် ဝါဒလမ်းစဉ် စည်းမျဉ်း များနဲ့ ပြည်သူတို့ရဲ့ အသိအမှတ်နဲ့ အသက်သွေးပေးပြီး တည်ဆောက် လာခဲ့ရတဲ့ ပါတီ တရပ်ရယ်လို့ တဖက်က အသိအမှတ် ပြုဘို့လိုပါတယ်၊ တပါတီကတပါတီကို ပါတီ ရယ်လို့မှအသိအမှတ် မပြုရင်တဦးချင်း တခါတခါချင်းဆက်ဆံရေးအခြေရောက်ပြီး ဂိုဏ်းဂဏစိတ်တွေလဲ ပြင်းထန်လာကြပြီး တော်လှန်ရေး ကြီး အတွက် အများကြီး ကျဉ်းမြောင်းသွားပါလိမ့်မယ်၊ သူ့တပါတီထဲ၊ ငါ့တပါတီ ထဲနဲ့ တော်လှန်ရေးကြီးတစုလုံးကိုလုပ်လို့ရတယ်ဆိုတဲ့သေ နင်္ဂြိုဟ်အများကြီးကိုပင် ကျူးလွန်ရာရောက်ပါလိမ့်မယ်။

အခု အခြေအနေမှာ ဒီအဆင့်ကတော့ လွန်ခဲ့ပြီလို့ ယူဆပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ တဖက်နဲ့တဖက်ပါတီ အဖွဲ့ အစည်း များရယ်လို့ အသိအမှတ် ပြုကြပြီး ၃ ပါတီ ခေါင်းဆောင် များနဲ့ တော်လှန်ရေးကောင်စီတို့ဟာ အကြိမ်ကြိမ်ဆွေးနွေးခဲ့ဘူးပါပြီ၊ အဲဒါကြောင့်လဲ ပါတီတွေကို ဖျက်ကြပြီး တဦးချင်း ဝင်ကြရမယ်ဆိုတဲ့ ပြဿနာဟာ မပေါ်ခဲ့တော့ဒါပေါ့၊ ပါတီအဖွဲ့ အစည်းချင်း ဆက်ဆံရေးဟာ မှန်အခြေကို ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။

ဒုတိယအဆင့်က ပါတီအဖွဲ့အစည်း များရယ်လို့ အပြန်အလှန် အသိအမှတ် ပြုပြီးနောက် တပါတီနဲ့ တပါတီ ပူးပေါင်းရေး မှာအခြေခံအုတ်မြစ်ကြီး များဖြစ်တဲ့ ဝါဒရေး၊ လုပ်ငန်း စဉ်ရေး၊ စည်းမျဉ်း စည်း ကမ်းများ လိုက်နာ ရေး တို့မှာ အကြေ အလည် အပြန် အလှန်ညှိနှိုင်းသဘောတူညီမှု ရနေရေးဟာဒုတိယအဆင့်ဖြစ်ပါတယ်၊ အဲ ဒီလို အခြေခံတွေ ပေါ်မှာသဘောတူ ပြေလည်မှုမရဘဲ ပါတီတရပ် ကိုအတူတကွ ပူးပေါင်း တည်ဆောက် ကြမယ် ဆိုရင်ပွဲဦးထွက်မှာညီ

ညွှတ်ရေးရှိသလို ဟန်ဆောင် နေနိုင်ပေမဲ့ နေမြင့်လေ အရှုး ရင့်လေ ဆိုဒါလိုဘဲ ကြာလေတိုက်ပွဲတွေ အခက်အခဲတွေ ပြဿနာ ကြီးတွေနဲ့ရင်ဆိုင်ရလေလေ....အက်ကြောင်းကြီးလေဖြစ်မည်ဖြစ်ပါတယ်၊ရာဇဝင်သက်သေတွေလဲအများကြီးရှိခဲ့ကြပြီဘဲ၊ ဒါ့ကြောင့် ရေရှည်ခရီးကို 'မှု' ကျကျချီတက်လိုသူတိုင်း ဒီအဆင့်မှာ စိတ်ရှေရှေ ဖွဲကောင်း ကောင်းနဲ့ညှိနှိုင်းဆွေးနွေးကြဘို့ လိုပါတယ်။

တတိယ အဆင့်က အခြေခံတွေမှာ တူညီကြပြီး နောက် လက်တွေ့ စည်းရုံးရေးအရ-ပူးပေါင်းရေးလုပ်ငန်းကြီးဘဲဖြစ်ပါတယ်၊ အဲဒီအဆင့်မှာလဲ လုပ်ငန်း ၃ရပ်ရှိပါတယ်၊ပဌမ အလုပ်က ကျွန်တော်တို့ ပါတီရဲ့ ပါတီဝင်၊ အရံပါတီဝင်များကို မည်သို့ လက်တွေ့ စစ်ဆေးလက်ခံကြမည်၊ ဒုတိယအလုပ်ကကျွန်တော်တို့ပါတီရဲ့လက်ရှိတာဝန် ခွဲဝေထားသော ဗဟိုကော်မတီ-ခရိုင်-မြို့နယ်အခြေခံပါတီစသည်ဖြင့်အဆင့်ဆင့်သော တာဝန်ခွဲဝေမှုများကိုပါတီချင်းပူးပေါင်းကြသောအခါ ညီညွတ်ရေးနဲ့ အလုပ်ဖြစ်ရေးအတွက် မည်သို့ သင့်လျော်အောင်ခန့်ခွဲစီမံရမည်၊တတိယအလုပ်က ပါတီတွင်းဒီမိုကရေစီရေးနဲ့ပါတီသက်၍နောက်ဆုံးပါတီ ပူးပေါင်းရေးအတွက် ပါတီကွန်ဂရက်ရဲ့ဆန္ဒကိုမည်သို့ယူမည်၊ ပူးပေါင်းမည်အဲဒီပြဿနာများကိုနှစ်ဘက် ကိုယ်စား လှယ်များဟာ အလျော့အတင်း အမျှအတ အညီအညွတ် ဆွေးနွေး ညှိနှိုင်းကြဘို့လိုကြပါမည်၊ ပဌမအခြေခံနဲ့ဒုတိယအခြေခံတို့မှာ အလေးအနက်သဘောတူညီမှု ရကြပြီဆိုရင် တတိယအခြေခံမှာပါတဲ့ လက်တွေ့ပူးပေါင်းရေး အလုပ် (၃) ရပ်ဟာ လွယ်လွယ် ကူကူနဲ့ညှိနှိုင်းစေ့စပ်လို့ရနိုင်ပြီလို့ ယုံကြည်ပါတယ်။

အဲဒီလို စနစ် တကျ ပူးပေါင်းဖွဲ့စည်းရေးကို ပါတီ အလိုက်ပေါင်းရေးလို့ ခေါ်ပါတယ်၊ ဒါကိုတချို့လက်ဟောင်း နိုင်ငံရေးသမားများက 'ရာထူးဝေဒါ-အာဏာခွဲတာ' လို့မတော်တရော်တွေကို ရက်ရက် စက် စက်ပြောနေကြပါတယ်၊ဒီစကားမျိုးဟာအလွန်မှုမဲ့လှ

ပက်စက်လှတဲ့ စကားမျိုးဖြစ်ပါတယ်၊ယခုတော်လှန်ရေးကောင်စီဝင်တွေရော ကျွန်တော်တို့ ပါတီ ခေါင်းဆောင် တွေရော ကိုယ်ကျိုးရှာ ရာထူးမက်ပြီး စားခွက် လုခဲ့ကြတဲ့လူတွေ မဟုတ်ခဲ့ကြောင်း ရာဇဝင်နဲ့ချီပြီး သက်သေခံခဲ့ကြပြီဘဲ၊ ဒါလောက်သေးသိမ်တဲ့ပြဿနာမျိုးမ ပေါ်သင့်ပါဘူး၊ အလွန် ကြီးကျယ်တဲ့ လူမှုတော်လှန်ရေးကြီး တရပ်ကိုသေတူရှင်ဘက်အဖြစ်နဲ့ အတူစာကွချီတက်ကြရမည့် အရေးမှာအပြန်အလှန် လေးစားရေး သစ္စာရှိရေးနဲ့ ညီညွတ်ရေးဟာ ဘယ်ကလောက် အရေးကြီးတယ်ဆိုဒါ ကမ္ဘာ့တော်လှန်ရေးသမိုင်းအစောင်စောင်ကိုသာဘတ်ကြည့်ကြပါတော့။

ယခုနှယ်အခါမှာ ကျွန်တော်တို့ကို အထင်အမြင် လွဲမှုများ ရှိကောင်းရှိပေလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ တော်လှန်ရေးအပေါ်မှာလုပ်ဖော်ကိုင်ဘက်များ အပေါ်မှာဘယ်ကလောက် ချစ်မြတ်နိုးခဲ့၍ရှေ့ကိုလဲ ဘယ်ကလောက်ချစ်မြတ်နိုးလို၍သာဒီလိုတင်ပြရခြင်းဖြစ်တယ်ဆိုဒါမကြာမှီရာဇဝင်ကထင်ရှားပြလာပါလိမ့်မယ်၊ရောယိမ်းလိုက်ဘသားယိမ်းလိုက်ချားမိုးဃ်းကောင်းနေတဲ့ အခါမှာ ကျွန်တော်တို့ရဲ့စေတနာရင်းဟာ ပေါ်လွင် ချင်မှ ပေါ်လွင် ပေလိမ့်မယ်၊ ကျွန်တော်တို့ ကိုယ်ကျိုးအတွက်သက်သက်သါဆိုရင်ဘါမှမပြောဒါအာပိုပြီး ခရီးရောက်နိုင်ဒါပေါ့။

မေး။ ။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အခြေခံနဲ့ အကောင်အထည် ဖေါ်မယ်ဆိုဒါ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ ။မျက်မှောက်ခေတ် ကမ္ဘာ့ တော်လှန်ရေး လမ်းကြောင်းဟာ၊ ကမ္ဘာ့ဆိုရှယ်လစ် လမ်းကြောင်းဖြစ်တယ်၊ ဗမာ့တော်လှန်ရေးလမ်းကြောင်းဟာလဲ ကမ္ဘာ့ဆိုရှယ်လစ် လမ်းကြောင်းအတွင်းမှာရောက်ရှိပြီး ၎င်းတို့အစိတ်အပိုင်း ဖြစ်တယ်ဆိုဒါ ဘာမှအငြင်းပွားစရာမလိုတော့တဲ့အချက်ဖြစ်ပါတယ်။

ဒါပေမဲ့ ဗမာပြည်ရဲ့ သီးခြားထူးခြားတဲ့ စီးပွားရေး လူမှုရေး ကိုးတက်ဖြစ်ပေါ်မှု ရုပ်ဝတ္ထုအခြေအနေများက ဆိုရှယ်လစ်လမ်းကြောင်းကို တကြိုးထဲနဲ့ ချီတက်နိုင်တဲ့အခြေအနေ ဗမာပြည်မှာ မရှိပါဘူး၊ စာသိုက-စာသို၊ လက်တွေ့က-လက်တွေ့ဖြစ်ပါတယ်၊ သဘောတရားနဲ့လက်တွေ့ ပေါင်းစပ်နိုင်မှသာ အခြေတွက်ပါတယ်။

ဗမာပြည်ရဲ့ ယနေ့အခြေအနေက ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း အခြေဖြစ်ပါတယ်။ အဲဒီလို နိုင်ငံရေး စီးပွားရေး ရုပ်အခြေက ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ရုပ်အခြေသို့ ပဌမအဆင့် ချီတက်ရဦးမယ်ဖြစ်ပါတယ်။ တနည်းအားဖြင့် ဆိုရှယ်လစ်တော်လှန်ရေးရဲ့ ပဌမ အခြေခံစခန်းသို့ ချီတက်ရဦးမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် စာတမ်းအပိုဒ် (၁) က (၁၄) အထိကို ဆိုရှယ်လစ်တော်လှန်ရေးရဲ့ ယေဘူယျလမ်းစဉ်များလို့ ကျွန်တော်တို့က သတ်မှတ်ပါတယ်။ ၎င်းစာတမ်း အပိုဒ် (၁၅) က (၂၈) အထိ "အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်" ဆိုတဲ့ အခန်းကို ဆိုရှယ်လစ်တော်လှန်ရေးရဲ့ ပဌမအခြေခံစခန်း ဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့်ဖြစ်တယ်လို့ ကျွန်တော်တို့က ယေဘူယျသတ်မှတ်ထားပါတယ်။

ဗမာပြည်အဖို့ ဆိုရှယ်လစ် တော်လှန်ရေးကို တကြိုးထဲနဲ့ ချီတက်လို့ရတယ်ဆိုရင် သဘောတရားနဲ့ လက်တွေ့ အများကြီး ကွာဟသွားကျင် သွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် တော်လှန်ရေးရဲ့ကာလအဆင့်ကြီးတခုတခုစီရဲ့ရုပ်အခြေအနေနဲ့ သေနင်္ဂဗျူဟာနည်းပရိယာယ်တို့ဟာ မတူညီနိုင်၊ ခြားနားနေသောကြောင့်ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အဆင့် (၂) ရပ်ပိုင်းခြားပြီး ဘူ့အဆင့်ဆိုင်ရာ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်များကို ပြတ်သားစွာ ပိုင်းခြားရခြင်းဖြစ်ပါတယ်။

ဒီတော့ စာတမ်းပါ အသွင်ကူးပြောင်းရေး ကာလကို ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အခြေအနေ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ကို ကျနစွာ ပိုင်းခြားသတ်မှတ်ဘို့လိုပါတယ်။

ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးအဆင့်ရဲ့ ရည်မှန်းချက်ကတော့ အလုပ်သမား လယ်သမားများနဲ့ ပြည်သူ့ဒီမိုကရေစီ အင်အားစုများအားလုံးတို့ရဲ့ နိုင်ငံရေးအာဏာပိုင်စိုးမှုကို ပြတ်သားစွာ သူဆောင်ရေးဘဲဖြစ်ပါတယ်။ ဦးတည်တိုက်ရမည့်ရန်သူကတော့ နယ်ချဲ့ ပဒေသရာဇ်များနဲ့ နယ်ချဲ့လက်ဝေခံ အရင်းရှင် - မြေရှင် အင်အားစုတို့ဘဲ ဖြစ်ပါတယ်။ မိတ်ဆွေ အင်အားစုများကတော့ အလုပ်သမားလူတန်းစား၊ တောင်သူလယ်သမားများ၊ လူလတ်တန်းစား၊ အမျိုးသားစက်မှုလက်မှု အရင်းရှင်များနဲ့ လူမျိုးစုစည်း ဒီမိုကရေစီ အင်အားစုများအားလုံးပါဝင်ပါတယ်။ ခေါင်းဆောင်လူတန်းစားကတော့ တောင်သူလယ်သမားများနဲ့ မဟာမိတ်ဖွဲ့ထားတဲ့ အလုပ်သမားလူတန်းစားဘဲ ဖြစ်ပါတယ်။ အရံမိတ်ဆွေ အင်အားစုကတော့ ကမ္ဘာ့ဆိုရှယ်လစ်စနစ်နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ အမျိုးသား လွတ်မြောက်ရေး အင်အားစုကြီးဘဲ ဖြစ်ပါတယ်။

အဲဒီလို သေနင်္ဂဗျူဟာပေါ်မှာ အခြေခံပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အကူးအပြောင်းကာလမှာ အကောင်အထည်ဖေါ်ရေးဘဲဖြစ်ပါတယ်။ ဒီအတွက် မိတ်ဆွေအင်အားစုများအားလုံးကိုစုစည်းအပ်တဲ့ ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစုကြီးတရပ် လိုအပ်တယ်လို့ ကျွန်တော်တို့ မကြာခဏ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီတပ်ပေါင်းစုအတွင်းမှာ အထက်ပါ မိတ်ဆွေအင်အားစုများကို ကိုယ်စားပြုနိုင်တဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ လူထု-လူတန်းစားအဖွဲ့အစည်းတွေ စာပေ-ယဉ်ကျေးမှု၊ စက်မှုလက်မှုအတတ်ပညာသယ်၊ လူမျိုးစုစည်း ကိုယ်စားပြုအဖွဲ့အစည်းတွေဟာ အားလုံးပါဝင်ပြီး "မြန်မာ့ဆိုရှယ်

လစ်လမ်းစဉ်''ကို အမျိုးသား 'ဘုံ' လုပ်ငန်းစဉ်ကြီးအဖြစ်နဲ့ လက်ခံ အကောင်အထည် ဖော်ကြဘို့ပါဘဲ။

ကွယ်လွန်သူ နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမျိုးသားလွတ်လပ်ရေးသေနင်္ဂဗျူဟာ ချမှတ်ခဲ့ပုံ၊ နယ်ချဲ့ကို ဝိုင်းပယ်ပြီး အမျိုးသားလွတ်လပ်ရေး အင်အားစုမှန်သမျှကို ဖွဲ့ကောင်းကောင်းနဲ့ စုစည်းခဲ့ပုံများကို အများကြီး 'စံ'ထားဘို့လိုပါတယ်။

ပြီးတော့ တရုပ်တော်လှန်ရေး ပြည်သူ့ ခေါင်းဆောင်ကြီး မော်စီတုံးရဲ့ ပြည်သူ့ဒီမိုကရေစီ သေနင်္ဂဗျူဟာကို ကြည့်ပါ။ တရုပ်တပြည်လုံးမှာ နယ်ချဲ့ပဒေသရာဇ်နဲ့ လက်ဝေခံ မြို့ရိုကရက်အရင်းရှင်များကိုဝိုင်းပယ်ပြီးအမျိုးသားရေး၊ ဒီမိုကရေစီရေး အင်အားစုမှန်သမျှကိုလှည်းနေခလှာစ အောင်းပြင်းဖောင်းမကျန်၊ တခဲနက်စုစည်းခဲ့ပါတယ်။ ကွန်မြူနစ်ပါတီတခုတည်း၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးတခုတည်းနဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၊ ဆိုရှယ်လစ်တော်လှန်ရေးများကို ဆင်နွှဲမသွားပါဘူး။ ကွန်မြူနစ်ပါတီထဲမဝင်လို့လဲ ရန်သူမလုပ်ပါဘူး။ မိတ်ဆွေအင်အားစုမှန်သမျှကိုပုံစံအမျိုးမျိုး နည်းအမျိုးမျိုးနဲ့ စုစည်းချီတက်သွားခဲ့ပါတဲ့။

သာဓကတခု ပြပါရစေ၊ တရုပ်ပြည်သူ့ နိုင်ငံရေး ညှိနှိုင်းမှု ကွန်ဖရင့်ကြီးဟာ ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုကြီးပါဘဲ။ ဖိတ်ကြားခံရတဲ့ ကိုယ်စားလှယ်တွေကိုကြည့်ရင်....

(၁) နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း (၁၄) ခုက၊ ကိုယ်စားလှယ်ပေါင်း (၁၄၂) ဦး၊ အရန်ကိုယ်စားလှယ် ၂၃-ဦး။

(၂) ဒေသဆိုင်ရာများနဲ့ မြို့နီစီပါယ် မြို့တော်ကြီး ၂-ခုဖြစ်တဲ့ ပီကင်းနဲ့ တီယံဆင် အပါအဝင်က စုစုပေါင်း ကိုယ်စားလှယ်ပေါင်း (၁၀၂) ဦး၊ အရန်ကိုယ်စားလှယ် ၁၄-ဦး။

(၃) တရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးမှကိုယ်စားလှယ်များဟာ (စစ်ဌာနချုပ်နဲ့ တပ်မဟာကြီးများ အလိုက်) စုစုပေါင်း ၆၀၊ အရန်၁၁-ဦး၊

(၄) လူထုလူတန်းစားအဖွဲ့အစည်းကြီးပေါင်း (၁၆) မျိုးမှ ကိုယ်စားလှယ်ပေါင်း (၂၀၆)-အရန် ၂၉-ဦး။

(၅) ကမ္ဘာကျော်အမျိုးသမီးခေါင်းဆောင်ကြီး မဒန်စွန်ချင်လင်း အပါအဝင် တသီးပုဂ္ဂလ မျိုးချစ်ပုဂ္ဂိုလ်ကြီး ပေါင်း (၇၅) အားလုံး ကိုယ်စားလှယ်စုစုပေါင်း ၆၆၂-ဦးတက်ရောက်စုဝေးကြပါတယ်။ အဲဒီမှာ အဓိကနိုင်ငံရေး ပါတီကြီး (၃) ခုဖြစ်တဲ့ ကွန်မြူနစ်ပါတီ၊ တော်လှန်ရေး ကူမင်တန် ပါတီ၊ တရုပ်ပြည် ဒီမိုကရက်တစ်လိဂ် (ဂ်) တို့ဟာ ကိုယ်စားလှယ် ၁၆ ဦးစီ အညီအမျှ ရယူပြီး ခေါင်းဆောင်ကြပါတယ်။

တော်လှန်ရေးကြီးရဲ့ ခေါင်းဆောင်လူတန်းစားဟာအလုပ်သမားလူတန်းစား ဖြစ်တဲ့ အတိုင်း၊ အလုပ်သမား လူတန်းစားပါတီကြီးဖြစ်တဲ့ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူကြတယ်။ ကွန်မြူနစ်ပါတီနဲ့ အခြားနိုင်ငံရေးပါတီ အဖွဲ့အစည်းများဟာလဲ "အမြဲနှင့်အလွန် ဝေဖန်ထိန်းသိမ်းရေးနဲ့ ကူညီ ရိုင်းပင်းရေး" ဆိုတဲ့ အခြေခံမူပေါ်မှာအညီအညွတ်ဆက်ဆံပေါင်းသင်းနေကြတယ်။

အဲဒီပြည်သူ့ နိုင်ငံရေးညှိနှိုင်းမှုကွန်ဖရင့်ကြီး (ဝါ) တပ်ပေါင်းစုကြီးကနေပြီး အမျိုးသား'ဘုံ'လုပ်ငန်းစဉ်၊ မြေယာတော်လှန်ရေးဥပဒေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး၊ ဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်များနဲ့ ပြည်သူ့အစိုးရအဖွဲ့များ ရွေးကောက် ဖွဲ့စည်းရေး စသည့် ပြည်သူ့ဒီမိုကရေစီ နိုင်ငံသစ်ရဲ့ အခြေခံများ၊ အင်္ဂါများကို အပြည့်အဝထူထောင်ကြပါတယ်။ အဲဒီလိုအသွင်ကူးပြောင်းရေးကာလ ပြီးဆုံးတော့မှ ၁၉၅၄-ခုနှစ်ကစပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၊ ပဌမ ၅-နှစ် စီမံကိန်းကို ကူးပြောင်း လုပ်ဆောင် ကြပါတဲ့။

အဲဒီ 'ပြည်သူ့ဒီမိုကရေစီ သေနင်္ဂဗျူဟာ'ကို ကျင့်သုံး စုစည်း လိုက်တဲ့ အခြေခံ ထိရိယာကြီး ၃-ရပ်ကတော့ ,အလုပ်သမား လူ

တန်းစား တစ်ဦးပါဝင်ကြီးရမယ်၊ ပြည်သူ့ တပ်ပေါင်းစုကြီးရမယ်၊ ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ကြီးရမယ်လို့ ဖြစ်ပါတယ်။ ဆိုရှယ်လစ် ပန်းတိုင် ချီတက်ရေး ခရီးမှာ ဗမာပြည်နဲ့ တရုတ်ပြည်တို့ဟာ ကိုလိုနီတပိုင်းဘဝက ပြည်သူ့ ဒီမိုကရေစီရေးသို့ကူးပြောင်းတဲ့ အစဉ်ဟာ ယေဘူယျအားဖြင့် တူညီကြပါတယ်။ ဒါကြောင့် သေနင်္ဂဗျူဟာရေးမှာလဲ ယေဘူယျ အခြေခံအားဖြင့် တူညီကြပါတယ်။ အခြေခံကိရိယာကြီး ၃-ရပ်ကို ကိုင်စွဲရမဲ့ နေရာမှာလဲ ယေဘူယျ တူကြပါလိမ့်မယ်။ ဒါပေမဲ့ ဗမာပြည်အတွက် သီးခြားထူးခြားတဲ့ အခြေအနေတွေ ရှိတဲ့အတွက် သေနင်္ဂဗျူဟာ ဆိုင်ရာ ခေါင်းဆောင်မှု သယ်ပုံ-ယူပုံ တည်ဆောက်ပုံနဲ့ နည်းပရိယာယ်များ မှာတော့ ဗမာပြည်ရဲ့ထူးခြားတဲ့ အခြေအနေများအရ ထူးခြားမှု သယ်ယူရပါလိမ့်မယ်။ တည်ဆောက်ရပါလိမ့်မယ်။ သို့ပေမဲ့ သေနင်္ဂဗျူဟာဆိုင်ရာအခြေခံ သူကြီးတွေကတော့ မပျက်ပြားစေရပါဘူး။

ထိုသေနင်္ဂဗျူဟာကို အထောက်အကူပြုရမဲ့ နည်းပရိယာယ် (ဝါ) လက်ငင်းလူထု လမ်းစဉ်များမှာလဲ ဗမာပြည်အတွက် ပြန်မှ ဆိုရှယ်လစ်လမ်းစဉ်စာတမ်း၊ အပိုဒ် (၁၅) (က) အတွေးအခေါ် ပြောင်းလဲရေး၊ အပိုဒ် (၁၈) အုပ်ချုပ်ရေး၊ (၁၉) တပ်မတော်၊ (၂၀-၂၁) စီးပွားရေး၊ (၂၂) လူမျိုးစုများအရေး၊ (၂၃) လူမှုရေး- ပညာရေးတို့ဟာ အနှစ်သာရအားဖြင့် အမျိုးသားဒီမိုကရေစီ ထူထောင် လုပ်ငန်းများပင် ဖြစ်ပါတယ်။ တနည်းအားဖြင့် ကျွန်ဘဝ အမွေဆိုးများဖြစ်တဲ့ နယ်ချဲ့ပဒေသရာဇ် အခြေခံ စခန်းတွေ အမွေဆိုးတွေကို ဖျက်သိမ်းပြီး လက်ငင်းလုပ်ငန်းအားဖြင့် အမျိုးသား ဒီမိုကရေစီ အခြေခံ စခန်းသစ်တွေကို ပြည်သူ့အားနဲ့ တည်ဆောက် ချမှတ်ကြရေးပင်ဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကို 'တန်းစီ' ပြီး ကြည့်မယ် ဆိုရင် အောက်ပါ လုပ်ငန်းကြီး ၁၀ ရပ်ပင် ဖြစ်ပါတယ်။

၁။ နိုင်ငံရေး အချုပ်အချာ အာဏာ နိုင်မာရေးနဲ့ တည်ငြိမ်ရေး။

၂။ မြေရှင်ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး၊ တောင်သူလယ်သမားအကျိုးရှိစေမဲ့ မြေယာစီမံရေးနဲ့ ခေတ်မှီစိုက်ပျိုးရေးစနစ် ထူထောင်ရေး။

၃။ နယ်ချဲ့ စီးပွားရေး အခြေခံစခန်းများ ဖျက်သိမ်းရေးနဲ့ သေချာချက်ကျသောလုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်ရေး၊ နယ်ချဲ့ ငွေပင်ငွေရင်းများ လက်[illegible]ခံ တားဆီးရေး။

၄။ အမျိုးသားစက်မှုလက်မှု ထူထောင်ရေး။

၅။ လုပ်သားပြည်သူတို့ရဲ့ နေထိုင်စားသောက်မှု အဆင့်အတန်းမြှင့်တင်ရေး (အပိုဒ် ၃၊ ၄၊ ၅ သည် စာတမ်းပါ အပိုဒ် ၂၀၊ ၂၁ ၏ အခြေခံလုပ်ငန်းများဖြစ်သည်)

၆။ တိုင်းပြည်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် စက်ရုံအုပ်ချုပ်ရေးတို့တွင် ဒီမိုကရေစီဘဝ ထူထောင်ရေး၊ (ဝါ) ပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေး (စာတမ်းအပိုဒ် ၁၈ အရ မြူနီကရေစီ သဘော၊ စစ်ဝါဒ သဘောကို ချုပ်ငြိမ်းစေရန် ဖြစ်သည်။)

၇။ လူမျိုးစုများအားလုံး ချစ်ကြည်သွေးစည်းရေးနှင့် ဒီမိုကရေစီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ အပြည့်အဝရရှိစေရေး။ (၎င်းအတွက် စာတမ်းပါအပိုဒ် (၂၂) ၏ လူမျိုးစုပဋိပက္ခများအားလုံးတို့ကို ပြည်သူ့ ဝိသာနုရက္ခိတ တရားပေါ်တွင် အခြေခံ၍ လက်တွေ့ လုပ်ငန်းများဖြင့် ချေးချွေး ဖြေရှင်းပစ်ရန် လိုပေလိမ့်မည်။ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးတွင် လူမျိုးကြီးဝါဒ၊ လူမျိုးငယ်ဝါဒတို့ မရှိအပ်ပါ။ ဆိုရှယ်လစ်စီးပွားရေးစနစ် အပေါ်တွင် တည်ထောင်သည့် ပြည်သူ့ ဝိသာနုရက္ခိတ တရားသာရှိပါတယ်။

၈။ နယ်ချဲ့အန္တရာယ်ကို ကာကွယ်သော အမျိုးသား တပ်မတော်ကြီးအဖြစ် မားမားမတ်မတ် ထူထောင်ရေး (စာတမ်းပါ အပိုဒ် ၁၉-အရ ဖြစ်သည်၊ ၎င်းအတွက် အမျိုးသားချင်း ပဋိပက္ခများကို နိုင်ငံရေး နည်းအရ အမြန်ဆုံး ဦးစားပေး ဖြေရှင်းပစ်ရန် လိုပေလိမ့်မည်။)

၉။ နိုင်ငံတကာ စီးပွားရေး ယဉ်ကျေးမှုများ ဆက်ဆံဖလှယ်ရေးတွင် ဆိုရှယ်လစ်နိုင်ငံများနှင့်တကွ အခြား တန်းတူရည်တူ ဆက်ဆံသော မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှု တိုးပွားရေး၊ (မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံရေး စစ်ရေးအုပ်စုတွင်မှ မပါလို။ မူ ၅-ချက် အရ ငြိမ်းချမ်းရေး ထိန်းသိမ်းမည်၊ သို့သော် ပြည်တွင်းဆိုရှယ်လစ်စနစ် တူထောင်ရေးတွင်မူ စီးပွားရေးနှင့် ယဉ်ကျေးမှု တန်းတူရည်တူ ဆက်ဆံ ဖလှယ်ရေးဘို့၌ ဆိုရှယ်လစ်နိုင်ငံများနဲ့ ဆက်ဆံမှု ပိုမိုတိုးပွားစေမည်)

၁၀။ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုဖြောင့်မတ်စွာကျင့်သုံးရေးနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ထိမ်းသိမ်း ကာကွယ်ရေး တို့၌ ဖြစ်ပါတယ်။

အဲဒီ နည်းပရိယာယ် (ဝါ) လက်ငင်း လူထုလမ်းစဉ်များဟာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်စာတမ်း အပိုဒ် (၁၅) က (၂၀)အထိ၊ အသွင်ကူးပြောင်းရေးကာလ၊ ပြည်သူ့ဒီမိုကရေစီ သေနင်္ဂဗျူဟာရဲ့ နည်းပရိယာယ်(ဝါ) လက်ငင်းလူထုလုပ်ငန်းများဖြစ်ပါတယ်။ ဒီလုပ်ငန်း ခေါင်းစဉ် တခုစီ တခုစီကိုအလုပ် စီမံကိန်းများ ရေးဆွဲပြီး လူထုအလိုက်၊ လူတန်းစား အလိုက်၊ တပ်ချီပြီး အပြိုင် အဆိုင် ဆင်နွှဲ လုပ်ဆောင်ကြဘို့ပါဘဲ။

အဲဒါတွေကို ပြည်သူ့ဒီမိုကရေစီအခြေခံနဲ့ အကောင်အထည်ဖေါ်ရေးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ မကြာမီအကျယ်ရေးသွားပြီး ပမညဟာက တင်ပြ ညှိနှိုင်းပါလိမ့်မယ်။

မေး။ သိပ္ပံနည်းကျ ဆိုရှယ်လစ် ဝါဒကို လက်မခံလို့လား၊ ယေဘုယျ သဘော လက်ခံ ပြဋ္ဌာန်းပါဆိုတာ ဒါကို ဆိုလိုပါသလဲ။

ဖြေ။ ဒီမေးခွန်းဟာ စောစောပိုင်းက သတင်းစာ ဆရာတဦးမေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါကို ကျွန်တော် နိဂုံးချုပ်အနေနဲ့ ဖြေကြားပါ့မယ်။

ပဌမ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒလို့ခေါ်တဲ့ (SCIENTIFIC SOCIALISM)ဆိုတဲ့ စကား ၂-လုံး အနက် သိပ္ပံနည်းကျတယ်၊ (SCIENTIFIC)ဖြစ်တယ်ဆိုတာ ဘာကိုခေါ်ပါသလဲလို့ ဦးစွာရှင်းပြဘို့လိုပါလိမ့်မယ်။

(ဆိုင်းယင့်)ဆိုတဲ့ (SCIENCE)စကားလုံးဟာ လာတင်ဘာသာ(SCIRE)က ဆင်းသက်သော (SCIENTIA)ဆိုတဲ့ စကားလုံးကနေပြီး (SCIENCE) ဆိုင်းယင့်ဆိုတဲ့အင်္ဂလိပ်စကားလုံးကို ပေါက်ဖွားခဲ့ပါတယ်။ အဓိပ္ပါယ်ရင်းက သိအပ်-သင်ကြားအပ်ခြင်းလို့ အဓိပ္ပါယ်ရကြောင်း ဗြိတိန်နိကာစွယ်စုံကျမ်း အတွဲ အမှတ် ၂၀၊ စာမျက်နှာ ၁၁၅-မှာ ဖေါ်ပြပါရှိပါတယ်။

"သိအပ်-သင်ကြားအပ်"တယ် ဆိုဘိုင်း သိပ္ပံပညာအခြေကို ရောက်ပြီလားလို့ စောဒကတက်စရာ ရှိပါတယ်၊ မဟုတ်သေးမရောက်သေးပါဘူး။ ဘယ်အခြေရောက်မှ သိပ္ပံပညာ ဖြစ်ပါသလဲဆိုရင် 'SCIENCE MAY BE DEFINED AS ORDERED KNOWLEDGE OF NATURAL PHENOMENA AND OF THE RELATIONS BETWEEN THEM'လို့ အဓိပ္ပါယ်ဖွင့်တဲ့အတွက် "လောက သဘာဝဖြစ်ရပ်များနဲ့ ၎င်းတို့ အချင်းချင်း ဆက်ဆံနှီးနွှောပုံများကို စနစ်တကျ အစီအစဉ်ကျကျ သိရှိရတဲ့အခြေသို့ရောက်ပြီးသောပညာရပ်ကိုမှသိပ္ပံပညာရပ်ဟုခေါ်နိုင်ပါသည်"လို့ဆိုတဲ့အတွက် ပညာတရပ်ဟာ သာမန် သိအပ်-သင်ကြားအပ်တဲ့ သဘောသာ မဟုတ်တော့ဘဲ(Ordered Knowledge)လို့ဆိုတဲ့ အကြောင်းအကျိုး အစီအစဉ်နဲ့ စနစ်တကျသိရှိရပြီးဖြစ်တဲ့အခြေကိုရောက်မှသာသိပ္ပံပညာရပ်စာရင်းကိုသွင်းကြရပါတယ်။

ယခု သိပ္ပံပညာရပ်အခြေသို့ ရောက်နေပြီးဖြစ်တဲ့ သဘာဝဗေဒ သိပ္ပံ-ရူပဗေဒသိပ္ပံ-မနုဿဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ္တဗေဒ၊ သတ္တဗေဒ၊ ပါဏာဗေဒ၊ ဗေဒသိပ္ပံတွေဟာ ရှေးလူသားတို့ရဲ့ ခေတ်

ပြီးမှာအစီအစဉ်ကျကျသိရှိရတဲ့ သိပ္ပံပညာအခြေကို မရောက်ခဲ့ကြရပါဘူး၊ လူသားအစဉ်အဆက် စူးစမ်းရှာဖွေပြီး အကြိမ်ကြိမ် အထပ်ထပ်သုံးသပ် စစ်ဆေးပြီး သုတေသနပြုပြီးမှသာ သိပ္ပံပညာ အခြေသို့ ခွင်တုံ့စွာ ရောက်ရှိလာရခြင်းဖြစ်ပါတယ်။

သိပ္ပံပညာအခြေသို့ ရောက်အောင်ပညာတရပ်ဟာ ဘယ်လိုအဆင့်ဆင့်များကူးပြောင်းရသလဲဆိုရင် အဓိက အဆင့်ကြီးများအားဖြင့် (၁) ယေဘူယျ စူးစမ်းခြင်း၊ (၂) ပကတိ အချက်အလက်များ စုပေါင်းတိုက်ဆိုင်းထွာခြင်းနဲ့ ပြန်လှန်သုံးသပ်ခြင်း၊ (၃) သဘောတရားထုတ်နုတ်ခြင်း၊ (၄) စမ်းသပ်ခြင်း၊ (၅) လက်တွေ့အလုပ်နဲ့ အခိုင်အမာအဖြေထုတ်ခြင်းဆိုတဲ့အဲဒီလိုအဆင့်ကြီး ၅ဆင့်ကူးပြောင်းပြီးမှသာ သိပ္ပံပညာအခြေသို့ဆိုက်ရောက်ပါတယ်။ ဒါဟာ အကြမ်းသဘော အစီရင်ခံခြင်းဖြစ်ပါတယ်။ နောက်ဆုံး သဘောတရားနဲ့ လက်တွေ့ပေါင်းစပ် အဖြေထုတ်ပြီးမှသာ သိပ္ပံပညာအခြေသို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် သိခြင်းသဘောတရားရဲ့ (Theory of Knowledge)အဖြေဟာ လက်တွေ့အလုပ်နဲ့ အဖြေထုတ်ခြင်းဘဲဖြစ်တယ်လို့ ဥက္ကဋ္ဌကြီးမော်ဟာ သူ့ရဲ့ (On Practice) ဆိုတဲ့ ကျမ်းမှာ အခိုင်အမာသွန်ပြခဲ့ခြင်းဘဲဖြစ်ပါတယ်။

ဒီတော့ ပညာတရပ်ဟာ သိပ္ပံပညာအခြေရောက်အောင် လူသားတွေဟာ ဘယ်လောက်အနှစ်နှစ်အလလစူးစမ်း-စမ်းသပ် အဖြေထုတ်ပြီး လုပ်ခဲ့ရတယ်ဆိုဒါ အများကြီးထင်ရှားပါတယ်။

ဒါကြောင့် ဆိုရှယ်လစ်ဝါဒဟာလဲ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒဖြစ်လာအောင် (ဝါ) လူမှုတော်လှန်ရေးသိပ္ပံပညာကြီး တရပ်ဖြစ်လာအောင် အလုပ်သမားလူတန်းစားဟာ ဘယ်လောက် နှစ်ပေါင်းများစွာ အသက်တွေ သွေးတွေပေးပြီး တည်ဆောက်ခဲ့ရတယ်ဆိုဒါ သမိုင်းရေးရာအရ များစွာအထင်အရှား ဖြစ်ပါတယ်။

ကမ္ဘာ့ဆိုရှယ်လစ် သမိုင်းကြီးကို သက္ကရာဇ် ယေဘုယျအဖြစ်နဲ့ မှတ်တမ်းတင်တဲ့အခါမှာ သက္ကရာဇ်(၁၅၀၀)မှ (၁၈၄၈)ခုကိုရွေး

နာမှုတူညီနိုင်သည့် ပြည်သူ့ ရှေ့ဆောင်လုပ်သား ပါတီကြီး တရပ်ကို ကမ္ဘာ့ စံချိန်မှီ ပါတီ တရပ် အဖြစ် ယူထောင်နိုင်ပါလိမ့်မည် ဟူ၍လည်းအကြံပေးတင်ပြခဲ့ပါသည်။ ၎င်းနှင့် တဆက်တည်း မမော့တပ်မတော်ကြီးကိုလည်း ပြည်သူတို့၏ ဆိုရှယ်လစ်အသီးအပွင့်များကို ကာကွယ် စောင့်ရှောက် အပ်သော ပြည်သူ့ တပ်မတော်ကြီး အဖြစ် ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

ဤသို့ဖြင့်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် အခြေခံကရိယာကြီး-၃ခုဖြစ်သော ပြည်သူ့ရှေ့ဆောင်ပါတီ၊ ပြည်သူ့တပ်ပေါင်းစုနှင့် ပြည်သူ့ တပ်မတော်ကြီးတို့ကို ကောင်းစွာတည်ဆောက်နိုင်မည်ဟု ယုံကြည်ယူဆပါကြောင်းနှင့် တင်ပြခဲ့ဘူးပါသည်။

ထိုရာတွင် နောက်ပိုင်း၌ နိုင်ငံတော် တော်လှန်ရေးကောင်စီသည် ပြည်သူ့ တပ်ပေါင်းစု ဖွဲ့စည်းရေးထက် ပြည်သူ့ ရှေ့ဆောင်ပါတီဖွဲ့စည်းရေးကို ဦးစားပေးကြောင်း၊ စတင် တည်ဆောက်ရန် စည်းမျဉ်းဥပဒေကြမ်းများပင် ရေးဆွဲနေပြီဖြစ်ကြောင်းနှင့် သိရှိလာရပါသည်။ ထိုအခါတွင် မဟာမြည့်အလုပ်သမားပါတီသည် ပြည်သူ့ ရဲဘော်ပါတီနှင့် တိုင်ပင်ညှိနှိုင်း၍ ထိုသို့ထူထောင်အံ့သော ရှေ့ဆောင်ပါတီအတွက် အောက်ပါ အကြံဥာဏ်များကို ထည့်သွင်းစဉ်းစားပါရန်ဖြင့်အတွင်းရေးမှူးတစောင်ကို ၁-၆-၆၂ နေ့စွဲတွင်ပေးပို့ ကမ်းလှမ်းခဲ့သည့်အပြင် ထိုအချက်များပေါ်တွင် ဆွေးနွေးညှိနှိုင်းခွင့်ပြုပါရန်လည်း ၂၀-၆-၆၂ နေ့စွဲတွင်ထပ်မံခွင့်တောင်းခဲ့ပါသည်။ ကျွန်တော်တို့ ၂-ပါတီမှ တင်ပြခဲ့သော ပါတီထူထောင်ရေးအကြံပေးချက်များမှာ....

၁။ ပါတီ၏ သဘောတရားရေးခံယူချက်ကို " သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ"ဟု ယေဘူယျသဘောဖြင့်ခံယူပါရန်၊

၂။ ပါတီတွင်း နိုင်ငံရေးပညာပေးရေးနှင့်ပတ်သက်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စာတမ်းအပိုဒ်၅ အရ၊ ပေးအပ်သော နိုင်ငံရေး ပညာရပ်များတွင် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ထူထောင်ရေး စာပေများ

ဖြစ်သည့် မာ့က့် အိန်ဂျယ် လီနင်တို့၏ စာပေများကိုလည်း ပါတီ တွင်းတွင် သင်ကြားပို့ချခွင့်၊ လေ့လာနိုင်ခွင့်ပြုပါရန်၊

၃။ ပါတီသည်ကမ္ဘာ့ပြည်၏ ကြားနေရေးငြိမ်းချမ်းရေး ဝါဒနှင့်အညီ ကမ္ဘာ့အလုပ်သမားပြည်သူများနှင့် သွေးစည်းညီညွတ်ရေး ပြည်တွင်း ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးတွင် ဆိုရှယ်လစ် နိုင်ငံများနှင့် ဝိုးပွားရေးနှင့် ယဉ်ကျေးမှုတွင် တန်းပွားရည်ဘူ ဆက်ဆံမှု တိုး ပွားရေး၊

၄။ ပါတီ၏ လက်ဝင်းအတွေ့အကြုံ နိုင်ငံရေး လမ်းစဉ်အဖြစ် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်"ကိုပင်ပြဋ္ဌာန်းရေး။

၅။ ပါတီ၏ စည်းရုံးရေးမူများကို အရေးအတွက် ပါတီမျိုး ထက် အရည်အချင်း ပါတီမျိုး အဖြစ် သိပ်သီး ကျစ်လစ်စွာ စည်း ရုံးရေးအတွက် အရည်အသွေးကြီး ၆ ရပ်ကို ထည့်သွင်းစဉ်းစားရေး။

၆။ ပါတီတွင်း ဒီမိုကရေစီရေးနှင့် စည်းမျဉ်းစည်းကမ်းလိုက် နာရေးမှာ "ဒီမိုကရေစီ ဗဟိုဦးစီးစနစ်"ကို အခြေခံသည့် သံမဏိ စည်းမျဉ်း လိုက်နာရေးကို ပြဋ္ဌာန်းရေး၊

၇။ ထိုပါတီ၏ ခေါင်းဆောင်မှုဖြင့် လူထု လူတန်းစား အလိုက် တခုတည်းသော ညီညွတ်သော အလုပ်သမား=လယ်သမား၊ လူငယ် စသော အဖွဲ့အစည်းများကို ဖွဲ့စည်းလှုပ်ထောင်ရာတွင် အဖွဲ့အစည်း အလိုက် လုပ်ငန်းတူ သဘောတူ ပေါင်းစည်းလာသော ဗဟုအပေး အခြေခံဖြင့် တည်ဆောက်သွားရေး။

၈။ ပါတီကိုစတင်ဖွဲ့စည်းရာတွင်လည်း တသီးပုဂ္ဂလများကို တသီးပုဂ္ဂလအလိုက် ဝါဒင်ခွင့်ပြုသကဲ့သို့ သဘောတူ လက်ခံနိုင်သော နိုင်ငံရေးပါတီအဖွဲ့အစည်းများကိုလည်း ဖျက်သိမ်း၍တဦးချင်းဝင်ရ သောစနစ်မျိုးမဟုတ်ဘဲစုစည်းညီညွတ်သော အင်အားများကို ရရှိရန် အတွက် ပါတီအလိုက် စနစ်တကျ ပူးပေါင်းပါဝင်ခွင့်ပြုသော အ ခြေခံဖြင့်လက်ခံရေး၊နောက်မှမည်သူ့ကိုမဆိုလက်စွဲအလုပ်တာဝန် နှင့် စစ်ဆေး၍ မလိုက်တန်ပါက ဖယ်ရှားပစ်ရေး။

ဦးစိတ်ကူးယဉ်ဆိုရှယ်လစ်ခေတ် (ဝါ)စိတ်ကူးနဲ့ရူးပြီး စူးစမ်းကြ၊ ရှာ ဖွေကြ၊ မှားကြ၊ ယွင်းကြရတဲ့ခေတ်ရယ်လို့ သတ်မှတ်လေ့ရှိကြပါ တယ်။ အဲဒီခေတ်မှာ သောမတ်(စ်)မိုးအိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ စိတ်ကူး ယဉ် လောကကျမ်းဟာ သက္ကရာဇ်၁၅၁၆-မှာ ထွက်ပေါ်ခဲ့ပါတယ်။ ဂျာရက်ဝင်စတန်လီရဲ့ ၁၆၅၆-ခုမှ ထွက်ပေါ်လာတဲ့ 'လွတ်လပ်ရေး ရဲ့ ဥပဒေများ' ၁၇၅၅-ခုကျတော့ မော်လီရဲ့ 'သဘာဝ၏ ကျင့်ထုံး ဥပဒေများ' ၁၈၁၃-ကျတော့ ရောဘတ်အိုဝင်ရဲ့ 'လူမှုအဆောက် အအုံပေါ် အမြင်သစ်' ၁၈၁၈-ခုနှစ်ကျတော့ 'ပြည်သူ့ချာတာ'စတဲ့ အဲဒီလိုကျမ်းတွေ၊ စာတမ်းတွေ၊ အမြင်အပျက်တွေ၊ ဖွဲ့စည်းမှုတွေ၊ ပုန်ကန် လှုပ်ရှား မှုတွေ၊ မှားဒါတွေ ယွင်းဒါတွေ စသဖြင့် အဖြစ်အ ပျက်ကြီးတွေစုပေါင်းပြီး နှစ်ပေါင်း လေးရာ နီးပါးဖြစ်ပွားပြီးမှာ၁၈၄၈ ခုမှာမာ့က့်-အိန်ဂျယ်တို့ရဲ့ ကွန်မြူနစ်ကြေငြာစာတမ်းကြီး ဟာထွက် ပေါ်လာခြင်းဖြစ်ပါတယ်။ အဲဒီ ၁၈၄၈-ခုနှစ်က နေပြီး ၁၈၇၁-ခု (ပဲ ရစ် ကွန်မြူန်း ခေတ်) ခုနှစ်အထိ ဒုတိယခေတ်၊ တဖန် ၁၈၇၁-ခုက ၁၉၀၅-ခု ရုရှ ပထမ တော်လှန်ရေး အထိ၊ တတိယခေတ်၊ တဖန် ၁၉၀၅-က ၁၉၁၇-ခုအထိ၊ မဟာအောက်တိုဘာဆိုရှယ်လစ်တော် လှန်ရေး အောင်ပွဲကြီးအထိ၊ စတုတ္ထခေတ်၊ တဖန်၁၉၁၇-ခုဆိုရှယ် လစ်နိုင်ငံ တခုတည်း ထူထောင်နိုင်ရာမှ ယနေ့ကမ္ဘာ့ ဆိုရှယ်လစ်စ နစ်ကြီး ဖြစ်ပေါ်ထူထောင်လာသည်အထိပဉ္စမခေတ်(ဝါ)မျက်မှောက် ခေတ် စသဖြင့်ဆိုရှယ်လစ်ဝါဒဟာ ခေတ်အဆက်ဆက်စမ်းသပ်မှုအ ဖုံဖုံတို့ ကိုနည်းမျိုးစုံဘဝမျိုးစုံအောင်မြင်စွာစစ်ဆေးပြီးမှသာ သိပ္ပံနည်း ကျဆိုရှယ်လစ်ဝါဒအဖြစ်သို့ ဆိုက်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ကမ္ဘာမှာ ဆိုရှယ်လစ်ဝါဒ အမျိုးမျိုးရှိလေ တာနဲ့ ပြောဆို လှည့်စားနေကြပါတယ်။ ဗြိတိသျှ လေဘာပါတီကလဲ ဆိုရှယ်လစ်ပန်းတိုင်ပြောသည်၊ အီတလီ ဆိုရှယ်လစ်တွေကလဲ၊ ဆိုရှယ် လစ်ပန်းတိုင်၊ ဝန်ကြီးချုပ်ဟောင်းဦးနုနဲ့ ဦးကျော်ငြိမ်းတို့ကလဲ ၁၀-

နှစ် ၁၀ မိုင်း ဆိုရှယ်လစ် မန်းတိုင်သို့ဘဲ ကြေးကြော်ခဲ့ပါသဲ၊ အိန္ဒိယ နေရူးကလဲ ဆိုရှယ်လစ်ဆန်ဆန်သို့လို့ ဆိုပြီး အော်ဟစ်ခဲ့ပါပါသဲ။ သို့ပေမဲ့ သူတို့ရဲ့ ဆိုရှယ်လစ်ဝါဒဟာ 'ဘာအသီးအပွင့်မှ မပွင့်ဘဲဖြစ်ခဲ့ရ ဒါဟာနောက်ဆုံးကျတော့' "သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ'ကို ပြောင်းပြောင် မျက်စေ့မှိတ်ပြီး ငြင်းပယ်ခဲ့ကြလို့ပါဘဲ။ သိပ္ပံပညာအခြေကို ရောက်နေပြီးဖြစ်တဲ့ ဆိုရှယ်လစ်ဝါဒကို လက်မခံဘဲသက္ကရာဇ် ၁၆၀၀ ၁၇၀၁-ခေတ်တုံးကလိုစိတ်ကူးပေါက်ရာ လျှောက်ပြီး ပြောခဲ့-လုပ်ခဲ့ ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ အသက်တွေ အချိန်တွေကို အလဟဿ ဖြုန်းတီးခဲ့လို့ ဒီလိုအဖြေမထွက်ခဲ့ရခြင်းဖြစ်ပါတယ်။

ဒါကြောင့်ကျွန်တော်တို့က 'လမ်းစဉ်ပါတီသစ်မကြေငြာမီမှာ တင်ပြကမ်းလှမ်းခဲ့ဘူးတဲ့ အချက်ကဒီလိုအဖြေမထွက်တဲ့ ဆိုရှယ်လစ်ဝါဒမျိုးတွေနဲ့ပြတ်သားအောင် ခြားနားသွားအောင် ပါတ် သစ်ရဲ့သဘော တရားရေး ခံယူချက်မှာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ကို ယေဘူယျအားဖြင့်လက်ခံတယ်လို့ပြဌာန်းကြေငြာရန်ဖြစ်ပါတယ်။

ပြီးတော့မှပါတီတွင်း ပညာ ပေးရေးမှာ မြန်မာ့ ဆိုရှယ် လစ်လမ်းစဉ် စာတမ်း အပိုဒ် (၅) အရ သင်ကြား အပ်သော နိုင်ငံရေးပညာ ရပ်များ အနက်မှာ ဆိုရှယ်လစ်စနစ် ထူထောင်ရေး စာပေများ၊ သိပ္ပံပညာများဖြစ်တဲ့မာ့က့်-အိန်ဂျယ်-လီနင်တို့ရဲ့စာပေများကိုလဲသိပ္ပံ ပညာတရပ်အဖြစ်နဲ့ သင်ကြားပို့ချခွင့် လေ့လာနိုးနှောခွင့်ပြုပါလို့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဒီလို ကျွန်တော်တို့ ကမ်းလှမ်းတင်ပြ ခဲ့ခြင်းဟာ....လမ်းစဉ်ပါတီသစ်အတွက် နောင် သော အခါ ရည်ရွယ် ထားတဲ့ ပြည်သူ့ ရှေ့ဆောင်အလုပ်သမား လူတန်းစား ပါတီကြီး တရပ် ဖူးပွင့်ဖြစ်ပေါ်လာရေးအတွက် ဝါဒရေးအရအခြေခံ သဘောပြုရ ပျိုးထောင်ထားရန်သာဖြစ်ပါတယ်။

အမေး ရှိလို့သာဖြေနေရပါတယ်ခေါ်ပြီးသင်တန်း ပေးသလို များဖြစ်နေရင်သီးခံကြပါဗျာ (ဝိုင်းရှုံ့ရယ်ကြသည်)

အဲဒီမှာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ရဲ့အခြေခံ တရားတွေဟာ ဘာတွေပါလဲလို့ မေးစရာရှိနိုင်ပါတယ်၊ အားလုံးသိကြတဲ့အတိုင်း ရေသောက်မြစ် သုံးသွယ် (Three Sources) လို့ခေါ်ဝေါ်နေကြတဲ့အခြေခံတရားကြီး (၃) ပါးဘဲဖြစ်ပါတယ်၊ ၎င်းတို့ရဲ့ခေါင်းစဉ်ကတော့။

၁။ လောက ပြဿနာများကို အနုပဋိလောမ နည်း နဲ့ရှုကြည့်သုံးသပ်ခြင်း အခြေခံတရားတပါး (ရုပ်နာမ်တို့ရဲ့ဖြစ်ပုံဖြစ်စဉ်အဘိဓမ္မာ ပညာရပ်များအကျယ်မပါသေး၊ ရုပ်သဘာဝ များရဲ့ ဖြစ်စဉ်ဥပဒေများအတိုင်း လောကလူ့ရေး ပြဿနာများကိုရှုကြည့်ရန်နည်းလမ်းများကိုသာအဓိကဆိုလိုပါတယ်)

၂။ ဒုတိယ အခြေခံ တရားက အရင်းရှင်စနစ်ရဲ့ ဖြစ်ပေါ်ပေါက်ပွားပုံ၊ ခေါ်းအစဉ်နဲ့ အလုပ်သမားလူတန်းစားရဲ့ စီးပွားရေးထွက်မြောက်ရာလမ်း၊

၃။ တတိယ အခြေခံတရားက လူတန်းစား တိုက်ပွဲသဘောတရား ဟူ၍ဖြစ်ပါတယ်။

ဒီအခြေခံတရား ၃ပါးဟာ ခေါင်းဆောင်ကြီး လီနင်ကအဘိဓမ္မာဆရာကြီးတား (လ) မာ့က့်ရဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒရဲ့ အသီအနှစ်၃ရပ်ကို ၁၉၁၃-ခုမတ်လမှာ ရေးသားတင်ပြခဲ့တဲ့ အတိုင်းခေါင်းစဉ်သဘောမျှ ဖေါ်ပြလိုက်ခြင်းဖြစ်ပါတယ်။

ဒီအခြေခံတရား ၃ပါးကိုယေဘူယျ လမ်းညွှန်သဘော လက်ခံကျင့်သုံးတဲ့ပါတီတရပ်သာ လက်တွေ့လုပ်ငန်းများဖြင့် ပေါင်းစပ်ပြီးလုပ်သား ပြည်သူများကိုလဲ သစ္စာရှိစွာအကျိုး ပြုသွားမယ်ဆိုရင် အလုပ်သမားလူတန်းစား ပါတီတရပ်ဖြစ်ထွန်းလာရန် အလားအလာများစွာရှိမည်ဖြစ်ပါတယ်။

သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒရဲ့ မြေ့ဝသော ကျယ်ဝန်းသောအမှု၃သမိုင်းနဲ့ ရှိပြီးသက်သေခံနိုင်သောဝါဒကားမာ့က့်-လီနင်ဝါဒပင်ဖြစ်ပါတယ်၊ အထက်ပါအခြေခံတရား ၃ ပါးကို မြေ့ဝ နက်နဲစေ

သော (၁) ရုပ်ပိုင်းအဘိဓမ္မာ (၂) ရုပ်ပိုင်း ရာဇဝင်နှင့် (၃) နယ်ချဲ့ခေတ် အလုပ်သမား လူတန်းစား၏ ဆိုရှယ်လစ် တော်လှန်ရေး သဘော တရားများ နှင့် လက် တွေ့ များ ဟူ၍ ဖြစ်ပါ တယ်၊ ၎င်းကို Philosophical Materialism Historical Materialism and Theory and Practic of the Proletarian Revolution in the era of Imperialism) ဟူ၍ခေါ်ဆိုပါတယ်၊ နောက်ဆုံး တတိယပိုင်းကို မာ့က္စဝါဒကို နယ်ချဲ့ခေတ်မှာတိုးချဲ့ပွားများအပ်သော လီနင်၏ အခြေခံဝါဒများဟု ခေါ်ဆိုကြပါတယ်၊ မှန်ပါတယ်၊ ခေါင်းဆောင်ကြီး လီနင်ဟာ မက္စ (စ်) ရဲ့ ရုပ်အဘိဓမ္မာနဲ့ လူမှုရေး သိပ္ပံပညာ ရပ်များကို နယ်ချဲ့ခေတ်မှာ လက်တွေ့ပစ္စည်းမဲ့တော်လှန်ရေးကြီးနဲ့ ပေါင်းစပ်ပြီး မာ့က္စ-လီနင်ဝါဒကို တံခွန်ထူခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်သဲ သိပ္ပံပညာမဆန်တဲ့ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒတွေ၊ တပါတ်ရိုက် ဆိုရှယ်လစ်ဝါဒတွေဟာ ကျဆုံးကုန်ကြပြီး သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒအရသာ ကမ္ဘာ့ ဆိုရှယ်လစ်စနစ်ကြီးကို ထူထောင်အောင်မြင်နေကြပြီး၊ အခု ဆိုဗီယက်ယူနီယံမှာဆိုရင် အနှစ် (၂၀) စီမံကိန်းနဲ့ ကွန်မြူနစ် စနစ်သို့ပင် ချီတက်နေကြပြီ ဖြစ်ပါတယ်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် စာတမ်းအပိုဒ် (၃) မှာ ပါတဲ့ "လက်ဝဲလက်ျာသွေဖီမှုများမှလွတ်ကင်းအောင် သတိတရားလက်ကိုင်ထားပြီး ရှောင်ရှားသွားမယ်" ဆိုဒါနဲ့ ကိုက်ညီအောင်ဟာတဲ သဘောတရား တရပ်ကို အခြေခံပြီး လက်တွေ့နဲ့ ပေါင်းစပ်တဲ့အခါ မှသာ လက်ဝဲ လက်ျာ အတိမ်းအစောင်းကို ရှာဖွေ စစ်ဆေးနိုင်မယ် ဖြစ်ပါတယ်။- သာဓကအားဖြင့် တိုင်းပြည်ရဲ့ သီးခြား ထူးခြားတဲ့ လက်တွေ့အခြေအနေတွေက ဘာဘဲ ဖြစ်နေ-ဖြစ်နေ သဘောတရားအတိုင်း အတုံးလိုက်အတစ်လိုက် တရားသေ ချလုပ်ရမယ်ဆိုရင် လက်ဝဲကျွံရာ ရောက်ပြီး၊ သဘောတရား မလိုပါဘူး၊ လက်တွေ့သာ အရေးကြီးပါတယ်ဆိုပြီး အတွေ့နောက်မှာ ကိုယ်သင့်ရာ ကိုယ် လျှောက်လုပ်ရင်လဲ လက်ျာလွန်ရာ ရောက်ပါတယ်၊ သဘောတရား

မပါလျှင် 'အကန်း'၊ လက်တွေ့ မပါလျှင် 'အမြုံ' ဆိုတဲ့ ဩဝါဒ အတိုင်း သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ဆိုတဲ့ သိပ္ပံပညာအခြေသို့ ခိုင်မာစွာရောက်ရှိနေပြီ ဖြစ်တဲ့ သဘောတရားနဲ့ ဗမာပြည်ရဲ့ လက်တွေ့ ရုပ်အခြေကို စနစ်တကျ ဆက်စပ် လုပ်ဆောင်နိုင်မှသာ ဆိုရှယ်လစ် ပန်းတိုင်ကို သေချာပေါက် လှမ်းကိုင်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ကြပါတယ်။ လက်ဝဲ လက်ျာ တိမ်းစောင်းမှုကိုလဲ ကောင်းစွာ ပဲ့ကိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီလို အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရှိအောင် ချီတက်ရာမှာ ကျွန်တော်တို့ပါတီနဲ့ လမ်းစဉ်ပါတီဟာ ဂိုဏ်းဂဏ ကင်းစင်စွာနဲ့ အမြဲအတူ ကူညီလုပ်ဆောင်သွားကြဖို့လိုပါတယ်လို့လဲ ကျွန်တော်တို့အနေနဲ့ သဘောထားပါတယ်။

အခုလို ကျွန်တော်တို့ပါတီရဲ့ သတင်းစာ ရှင်းလင်းပွဲမှာ သတင်းစာဆရာများ စုံစုံညီညီ တက်ရောက်အားပေးကြတဲ့အတွက် အများကြီး ကျေးဇူးတင်ရှိပါတယ်၊ အထူး တောင်းပန်လိုဒါကတော့ အခြေအနေဟာ ရှုပ်ထွေး သိမ်မွေ့နေပါသဖြင့် အခု ကျွန်တော်တို့ရဲ့ တင်ပြချက်များကိုအမှန်အတိုင်း သတင်းအဖြစ် ထည့်သွင်း ပေးကြပါရန်နဲ့ နောက်မှ ဝေဖန်ခန်းမှာ ကြိုက်သလို ဝေဖန်ကြပါရန် လေးမြတ်စွာ တောင်းပန်လိုက်ပါတယ်ခင်ဗျား။

မေး။ ။ဗမာပြည် အလုပ်သမားပါတီက မဆလ ပါတီထဲကို အခု အခြေအနေအရ မဝင်နိုင်တော့ ဆက်လက် ရပ်တည်ခွင့် ရဦးမယ်လို့ ယုံကြည်ပါသလား- ဆက်လက် ရပ်တည်ခွင့်သာ ပေးတော့ပြီး ပူးပေါင်းဆောင်ရွက်ခွင့် မပေးလျှင်ရော ဘယ်လိုဖြစ်မလဲ- ဒီလိုဖြစ်နေရင် ပါတီအနေနဲ့ ဘယ်လိုလုပ်ငန်းများ လုပ်ရန်ရှိသလဲ၊ လုပ်ရန်ရည်ရွယ်ပါသလဲ။

ဖြေ။ ။ဟုတ်ကဲ့ မေးသင့်တဲ့ မေးခွန်းတခုပါဘဲ၊ မဆလ ပါတီက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ပြည်သူ့အခြေခံနဲ့ တကယ် ရိုးရိုးသားသား အကောင်အထည်ဖော်သွားမယ်ဆိုရင် ကျွန်တော်တို့

ပါတီကလဲ လုပ်ငန်းစဉ် မဟာမိတ်အဖြစ်နဲ့ ဖွဲ့ ကောင်းကောင်း ဧမ္ဘမိဋ္ဌာန်ကျကျနဲ့ လက်တွဲ ဆောင်ရွက်သွားနိုင်မယ် ဆိုရင် ခရီး တကွေ့မှာ ဘယ်နည်းနဲ့မဆို တပါတီထည်း ဖြစ်သွားတို့ အများကြီး အလားအလာရှိပါတယ်။ ကျွန်တော်တို့ ဘက်ကတော့ တော်တော်ဘဲ စိတ်ရှေရလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ အဲဒီလို မရောက်မှီ ကာလမှာ ကျွန်တော်တို့ ပါတီကို ဆက်လက် ရပ်တည် ခွင့်ပေးမယ် မဟုတ် ဆိုတဲ့ တွက်ကိန်းကို ကျွန်တော်တို့ လက်မ ခံနိုင် ပါ ဘူး၊ ဘာ့ကြောင့်လဲဆိုရင် သူတို့ဟာ ၁၉၅၈-ခုနှစ်က စစ်အာဏာရှင် အစိုးရမျိုး မဟုတ်ထာရယ်- နို့ပြီး ကျွန်တော်တို့ပါတီဟာလဲ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ဖျက်ဆီးမဲ့ နယ်ချဲ့လက်ဝေခံပါတီမျိုး မဟုတ်ဘဲ ထောက်ခံ ပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ ပြည်သူ့ အလုပ်သမားပါတီမျိုး ဖြစ်နေဒါရယ်- ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ဆက်လက် ရပ်တည်ခွင့် မရစရာ ဘာအကြောင်းမှ မရှိပါလို့ ယုံကြည်နေပါတယ်။ ပူးပေါင်းဆောင်ရွက်ခွင့်မရရင်ရောဆိုတဲ့မေးခွန်းအတွက်လဲအဖြေဟာ လွယ်ပါတယ်၊ လူမှုတော်လှန်ရေးကြီးတရပ်ကို ဆန့်ကျင်ရာမှာသဘောတူ၊ လုပ်ငန်းတူ၊ ပူးတွဲဆောင်ရွက်နိုင်သမျှ အင်အားစုတွေကို စုံစံအမျိုးမျိုး နည်းအမျိုးမျိုးနဲ့ ခေါ်ဆောင်ချီတက်သွားရေးဟာ ပြည်သူ့တော်လှန်ရေးတိုင်းရဲ့ ဓမ္မတာကျင့်စဉ်ပါဘဲ၊ နောက်ဆုံးဘယ်ပုံစံနဲ့မှ မပါဝင်နိုင်လို့ ရန်သူအလိုကျ လုပ်နေတဲ့ အဖွဲ့ဖြစ်ရင်သာ ကျန်ရစ်ရမည့် ဖြစ်ပါတယ်--ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ ပူးပေါင်းဆောင်ရွက်ခွင့် ပန်ကြားချက်ကို တနည်းနည်းနဲ့ လက်ခံမှာပဲလွဲပါဘူး၊ ပြည်တွင်းပြည်ပ အခြေအနေများကလဲ ဒီလိုပူးပေါင်းဆောင်ရွက်မှုမျိုးကိုသာ တောင်းဆိုနေပါတယ်၊ ကျွန်တော်တို့ကလဲစိတ်ရှေရှေဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်၊ အမြဲသဘောထားတင်ပြ ပြောဆိုသွားမည်ဖြစ်ပါတယ်။

ပြီးတော့လဲ တရားဝင် ပူးပေါင်းဆောင်ရွက်ခွင့်မရသေးသည့် တိုင်အောင် တော်လှန်ရေးအကျိုးပြု လူထုလုပ်ငန်း၊ လူမှုရေး လုပ်

ငန်းတွေအများကြီးရှိပါတယ်၊ ကျွန်တော်တို့တိုင်းပြည်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေပါတယ်၊ နိုင်ငံရေး စကားလုံးကြီးတွေ ပြောမှ နိုင်ငံရေးအလုပ်မဟုတ်ပါဘူး။ကုန်ကုန်ပြောရလျှင် ဘာမှလုပ်စရာ မကျန်တော့ဘူးဆိုပါတော့၊ပါတီတွင်းမှာ ပါတီဝင်တွေကို ဝါဒ ပညာရေး၊လူထုအကျိုးပြုရေးသင်တန်းတွေ ဖွင့်လှစ်ပြီး လူထုတပ်သားကောင်းတွေကို မွေးထုတ်ပေးနေနိုင်ဒါပါဘဲ။ ပြီးနောက်လူထုအရေး လူမှုရေးလုပ်ငန်းတွေအတွက်ကွင်းဆင်းဆောင်ရွက်သွားစေနိုင်ဒါဘဲ။

မေး။ ။ဖ၊ဆ၊ပ၊လ။ ပ၊ထ၊စ နဲ့ ပ၊မ၊ည၊တ တို့ဟာ အတူလက်တွဲ ပူးပေါင်းသွားနိုင်တဲ့အလားအလာ ရှိပါသလား။

ဖြေ။ ။တဖွဲ့နဲ့တဖွဲ့ အတူလက်တွဲ ဆောင်ရွက်တယ်ဆိုဒါ ခင်ဗျားသိတဲ့အတိုင်း လမ်းစဉ်တူ၊လုပ်ငန်းစဉ်တူ ပေါ်မှာသာ ဖြစ်နိုင်ဒါဘဲ၊ ကျွန်တော်တို့ပါတီအနေနဲ့မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ပြည်သူ့ဒီမိုကရေစီအခြေခံနဲ့ လက်တွဲအကောင်အထည်ဖော်ရမယ်လို့ တိုင်းသိပြည်သိ ကြေငြာထားပြီဘဲ၊ အဲဒီလို လမ်းစဉ်တူပေါ်မှာ လက်တွဲမယ်ဆိုရင် ကျွန်တော်တို့က အသင့်ပါဘဲ၊ အဲဒီလို 'လမ်းစဉ်ပါတီ'အပါအဝင် လက်တွဲဆောင်ရွက်နိုင်တဲ့ ပါတီ အဖွဲ့အစည်းများအားလုံးပါဝင်လက်တွဲကြမယ်ဆိုရင်လဲ တိုင်းပြည်က မျှော်လင့်နေတဲ့ ပြည်သူ့တပ်ပေါင်းစုကြီးဟာ ဖြစ်ပေါ်လာမှာပါဘဲ။

အဲဒီလို လက်တွဲဆောင်ရွက်တဲ့ နေရာမှာလဲအခြေခံသဘောတူညီချက် (၃) ရပ် ထိုးပေ လိမ့်မယ်။ ပဌမ အချက် က မြန် မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အမျိုးသား(ဘုံ)လုပ်ငန်းစဉ်အဖြစ်နဲ့ လက်ခံပြီးဖြစ်ရမယ်။ ဒုတိယအချက်ကတိုလမ်းစဉ်ကို အကောင်အထည်ဖော်ရာမှာအရင်းရှင်ပါတီမန် ဒီမိုကရေစီနည်းအရ လုံးဝမဟုတ်၊ပြည်သူ့ဒီမိုကရေစီနည်း (ဝါ) ဆိုရှယ်လစ်ဒီမိုကရေစီနည်းအရသာ ဖြစ်ရမယ်၊ တတိယအချက်ကအများစုရဲ့အဆုံးအဖြတ်ကို အနဲစုကလက်ခံဆောင်ရွက်တဲ့ ဒီမိုအရေစီဗဟိုဦးစီး စနစ်ကို လုံးဝလက်ခံရမယ် ဖြစ်ပါတယ်--

ဆိုလိုရင်းကတော့ တစ်ပေါင်းစုံအသွင် လက်တွဲဆောင်ရွက်ကြတဲ့နေရာမှာ အထက်ပါအခြေခံတွေ သို့မဟုတ်အားလုံးသဘောတူအခြေခံတွေပေါ်မှာ ပဋ္ဌမ သဘောတူညီချက်ရဖို့ ဆွေးနွေး ညှိနှိုင်းကြရပါလိမ့်မယ်-

လက်ရှိ ဗ၊ဆ၊ပ၊လ၊ ခေါင်းဆောင်ပိုင်းအနေနဲ့ လက်ခံဖို့ရာ လွယ်မယ်လို့ ကျွန်တော် မထင်ပါဘူး- လက်ခံနိုင်တယ် ဆိုရင်လဲ ကောင်းပါတယ်....

ဒီ ၃ ဖွဲ့ဟာ သီးခြား ရပ်တည်နေတဲ့အတွက် တော်လှန်ရေးကောင်စီကို ဘနေ့သောအခါ ပေါင်းပြီး တိုက်ကြလိမ့်မယ်လို့အချို့က ပြောနေကြဒါဟာ တော်တော်တဲ့အမြင်တိုတဲ့ ဂိုဏ်းဂဏ အမြင်ဖြစ်ပါတယ်၊ လက်တွေ့ကိုယ်တွေ့ဘဲပြောပါရစေတော့၊ ဥပမာကျွန်တော်တို့ပါတီဟာ ဗ၊ ဆ၊ လ ပါတီနဲ့ တပါတီထဲ မပေါင်းနိုင်သေးလို့ မပေါင်းနိုင်ကြောင်း ရိုးရိုးသားသား ဖွင့်ဓပြောနေခြင်းသာ ဖြစ်တယ်။ လမ်းစဉ်ကိုတော့ထောက်ထားပြီး ဘယ်ပုံစံနဲ့မဆိုလက်တွဲဆောင်ရွက်ရန်လဲကြေငြာထားပြီးဘဲ-အဲဒါ ၃ ဖွဲ့ပေါင်းပြီး ဘယ်လိုရန်လုပ်လာရမှာလဲ၊ တော်လှန်ရေးကောင်စီနဲ့ ညီညွတ်အောင်နီးစပ်အောင် စေတနာကောင်းနဲ့လမ်းညွှန်ပေးဖို့ပေးရမည့်အစား အနာဂါတ်ကို ကြိုတင်နိမိတ်ဖတ်ပြီး ရန်ဘိုက်ပေးကြဒါဟာ စေတနာမသန့်ဘူးလို့ ယူဆပါတယ်-လက်တွေ့သဘောဝေဖန်ရာလဲမရောက်ပါဘူး-ငါးလုံးချေနဲ့သိမ်းရိုက်ရာရောက်နေပါတယ်-

မေး။ တော်လှန်ရေးကောင်စီနဲ့သခင်သန်းထွန်း ဗမာပြည် ကွန်မြူနစ်ပါတီတို့ရဲ့ငြိမ်းချမ်းရေးစေ့စပ်ဖြစ်ပေါ်နိုင်မှုဟာဘယ်အခြေအနေရောက်နေပြီလို့ ယူဆပါသလဲ ဗမာပြည် အလုပ်သမားပါတီက ကွန်မြူနစ်ပါတီကို ဘယ်လိုသဘောထားပါသလဲ-

ဖြေ။ ကျွန်တော်တို့ပါတီရဲ့အယူအဆကတော့ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာဟာ တောတွင်း ပါတီများ ဥပဒေတွင်း ရောက်ရေး ပြဿနာ သက်သက်သာမဟုတ်တော့ဘူးလို့ယူဆနေပါတယ်၊ မြန်မာ့

ဆိုရှယ်လစ်လမ်းစဉ်အပေါ်မှာ တောတွင်းပါတီများက ဘယ်လို သဘောထားသလဲ လက်တွဲဆောင်ရွက်လိုသောနည်းလမ်းဆန္ဒ ရှိပါသလား၊ရှိလျှင်လမ်းစဉ်ပေါ်မှာအခြေခံတဲ့ငြိမ်းချမ်းရေး (Programmatic Peacc) ကိုတည်ဆောက်ကြရန် ကြိုးပမ်းကြဖို့ပါဘဲ၊မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟာ ၂ ဘက်စလုံးက လက်တွဲဆောင်ရွက်နိုင်တဲ့အခြေခံရပြီလို့ယုံကြည်ကြရင်ငြိမ်းချမ်းရေးဟာ တကွေ့ တလှမ်းအတွင်းမှာဘဲရှိနေတယ်လို့ယူဆပါတယ်။

အဲဒီလမ်းစဉ်အပေါ် သဘောထားပုံကိုက အတော်ဘဲ ကွာခြားနေသေးတယ်ဆိုရင် ငြိမ်းချမ်းရေးဟာလဲ အလှမ်းဝေးသေးတယ်လို့ဆိုရမှာပါဘဲ။

သို့သော်လဲ ဗမာပြည်ကွန်မြူနစ်ပါတီဥပဒေတွင်း ရောက်ရှိပြီး တော်လှန်ရေးကောင်စီနဲ့ လက်တွဲ လုပ်ဆောင်နိုင်သည့်တိုင်အောင် ကျွန်တော်တို့တိုင်းပြည်မှာ ပြည်တွင်း ငြိမ်းချမ်းရေးဟာ အမြေ့အဝ ရဦးမယ်လို့ မယူဆနိုင်သေးပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ လူမျိုးစု ပြဿနာတွေ-နယ်ချဲ့စစ်ရေးကျူးကျော်မှု ပြဿနာတွေ-လက်နက်ကိုင်တန်ပြန်တော်လှန်ရေးဖန်တီးထားမှုတွေကိုပြည်သူ့အားနဲ့ ပြည်သူ့အခြေခံနှင့်ပဖြေရှင်းနိုင်သေးသမျှပြည်တွင်းငြိမ်းချမ်းရေးဟာအပြည့်အဝမရနိုင်သေးဘူးလို့ယူဆပါတယ်၊ရိုးသားတဲ့လူမျိုးစုများ ပြဿနာ ဖြေရှင်းရေးဟာစစ်ရေးနဲ့မရ နိုင်ငံရေးနည်းနဲ့မှ ရမယ်လို့ ယူဆပါတယ်၊ အခြားမရိုးမသားနယ်ချဲ့ပရောဂပါတဲ့ ပြဿနာများ ကတော့ ပြည်သူအားအခြေခံပြီး စစ်ရေးနည်းနဲ့ ဖြေရှင်းမှရမယ်လို့ ယူဆပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီအပေါ်ကျွန်တော်တို့ပါတီရဲ့သဘောထားကတော့ ဥပဒေပ တောတွင်း ပါတီတရပ်လို့ဘဲ သဘောထားခဲ့ပါတယ်၊ကျွန်တော်တို့ပါတီမပေါ်ခင်ကပင် သူ့ရာဇဝင်ကြောင်းနဲ့သူ တောထဲရောက်နေတဲ့ပါတီဖြစ်ပါတယ်၊ကျွန်တော်တို့က ကျွန်တော်တို့ရာဇဝင်ကြောင်းနဲ့ဥပဒေတွင်းမှာသာပေါ်ပေါက်ခဲ့ပြီး ဥပဒေတွင်း

နည်းများဖြင့်သာ ကျွန်တော်တို့ယုံကြည်ချက်နဲ့ ကျွန်တော်တို့ အမှိုဒို ကင်းစွာ ခြားခြားနားနားလုပ်ဆောင်နေကြခြင်း ဖြစ်ပါတယ်၊တနိုင်ငံထဲဇာတ်ခုံတခုထဲမှာ လုပ်လာခဲ့ကြတဲ့အတွက်ရှေ့လျှားလာတဲ့ခရီးမှာ တူဒါတွေရှိသလို မတူဒါတွေလဲရှိခဲ့ပါတယ်။

အခုမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပေါ်မှာ သူတို့နဲ့ ကျွန်တော်တို့ သဘောထားမတူညီဘူးလို့ဆိုပါတယ် မတူညီ-တူညီ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ လမ်းစဉ်သဘောထားအတိုင်း ပြတ်ပြတ်သားသားချီတက်သွားမည်ဖြစ်ပါတယ်။

သို့သော်လဲ ကျွန်တော်တို့မှာတော့ ခဏ ခဏအစွပ်စွဲခံရလေ့ရှိခဲ့ပါတယ်၊ ရှင်းလဲရှင်းခဲ့ကြရပါတယ်၊ဥပဒေတွင်းရပ်တည်မှုကို ပျက်ပြားစေအောင် ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ ဘယ်ဖျက်ဆီးနိုင်ပါ့မလဲ ဘဝမတူဘဲနဲ့ လမ်းစဉ်ကို အတင်းတူအောင် လုပ်ရင်လဲ မာ့က္ခ ဝါဒနဲ့ဘယ်ကိုက်ညီမလဲ သဘာဝမကျတဲ့ လုပ်ရပ်တခုဖြစ်ပြီး ဆုံးရှုံးရုံဘဲ ရှိမှာပေါ့

(မှတ်ချက်။ နောက်ဆုံးမေးခွန်း ၃ ခုမှာအိန္ဒိယပြည်ဟင်ဒူစတန်တိုင်း နိုင်ငံခြားသတင်းထောက် (Mr.G.S. Bhargava) ဆိုသူက သခင်ချစ်မောင်၏ နေအိမ်သို့ ၂၁၊၈၊၆၂ နေ့စွဲ နံနက်တွင် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့သော အမေးများမှာ အဆိုပါ မေးခွန်း ၃ ခု၏အဖြေကိုထည့်သွင်းရိုက်နှိပ်လိုက်ခြင်းပင်ဖြစ်ပါသည်။)

အဖိုး ပြား-၅၀။

ဝိ ဓု ရ - သ ခင် ချစ် မောင် ၂၉

ရေး

ကမ္ဘာ့ဆိုရှယ်လစ်အရေးတော်ပုံ

မှတ်တမ်း

ထွက်တော့မည် - အင်တာနေရှင်နယ် စာပေဖြန့်ချိရေး။
သီရိစာပေဖြန့်ချိရေး။

ဗမာပြည်အလုပ်သမားပါတီဌာနချုပ် ရုံးအုပ် ရဲဘော်စမ်းမြကတာဝန်ခံထုတ်ဝေသည်။
ရန်ကုန်မြို့၊ အမှတ် ၉၀၊ လှည်းတန်း၊ မျိုးညွန့် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။